ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ (9-4-2008) (၅၆၄၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
❁ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	❁ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
❁ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	❁ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
❁ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	❁ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဂျမ်နာဂါးမြို့၌ ခေတ်မီရေနံချက်စက်ရုံကို လေ့လာ

နေပြည်တော်　　ဧပြီ　　၈

အိန္ဒိယသမ္မတနိုင်ငံ ဂူဂျရက်ပြည်နယ် ဂျမ်နာဂါးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဧပြီ ၄ရက် မွန်းလွဲပိုင်းတွင် ရေနံဓာတုစက်ရုံများ၊ ပင်လယ်ရေမှ ရေချို ချက်လုပ်သည့် အထောက်အကူပြုစက်ရုံများနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် Reliance ကုမ္ပဏီ၏ Reliance Jamnagar Complexသို့ မော်တော်ယာဉ်များဖြင့် သွားရောက်ကြည့်ရှုလေ့လာကြရာ ရှေးဦးစွာ Reliance Industries Ltd. ဒုတိယဥက္ကဋ္ဌ S.C Malhotra နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား Learning Center ခန်းမ၌ Reliance Refinery ရေနံချက်စက်ရုံ တည်ဆောက်ရေးအတွက် အင်ဂျင်နီယာအကြိုလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပုံ၊ စက်ရုံအဆောက်အအုံများ ကြိုးစားတည်ဆောက်ခဲ့ပုံ၊ ယခင်က စက်ရုံများမဆောက်မီ လွင်တီးခေါင်ခေါင် ဖြစ်နေသောနေရာ၌ ယခုအခါ မြေပြင်အနေအထား ပြုပြင်မွမ်းမံပြီး သစ်ပင်ပန်းမန်များဖြင့် စိမ်းလန်းစိုပြည် သာယာလှပလာပုံတို့ကို ရုပ်ပုံမှတ်တမ်းများဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စက်ရုံပင်မထိန်းချုပ်ခန်းသို့ ဝင်ရောက်ကြည့်ရှုလေ့လာကြသည်။ ထို့နောက် စက်ရုံနယ်မြေအတွင်းရှိ ရေနံချက်စက် အပါအဝင် စက်ရုံများကိုလည်းကောင်း၊ ဝန်ထမ်းအိမ်ရာ အဆောက်အအုံနှင့် ပန်းခြံများကိုလည်းကောင်း၊ စိမ်းလန်းစိုပြည်ရေးအတွက် အကွက်တကျ သစ်ပင်များ စိုက်ပျိုးထားမှုကိုလည်းကောင်း၊ ဝန်ထမ်းများအတွက် ဖွင့်လှစ်ထားသောဈေး Reliance Mart ကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် ကြည့်ရှုလေ့လာကြသည်။

Reliance ကုမ္ပဏီသည် အိန္ဒိယနိုင်ငံ၏ ပုဂ္ဂလိကကုမ္ပဏီတစ်ခုဖြစ်ပြီး ဂျမ်နာဂါးရှိ ရေနံချက်စက်ရုံသည် တစ်နေ့လျှင် ရေနံစိမ်းစည် (၆၃သမ ၆)သိန်း ချက်လုပ်နိုင်စွမ်းရှိပြီး ဓာတ်ဆီ၊ ဒီဇယ်ဆီ စသည့် ရေနံထွက်ပစ္စည်းများအပြင် အခြားဓာတုပစ္စည်းများကိုလည်း ထုတ်လုပ်လျက်ရှိသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကာနာတာဂါ ပြည်နယ်သို့ ဆက်လက်ထွက်ခွာရန် ဂျမ်နာဂါးလေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ညနေ ၆ နာရီတွင် မြန်မာချစ်ကြည်ရေးအဖွဲ့ဝင်များသည် ကာနာတာဂါပြည်နယ် ဘန်ဂလောလေဆိပ်သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

ကြည့်ရှုလေ့လာ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယသမ္မတနိုင်ငံ ဂျမ်နာဂါးမြို့ရှိ ခေတ်မီရေနံချက်စက်ရုံကို ကြည့်ရှုလေ့လာစဉ်။

(သတင်းစဉ်)

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ထူးခြားသည့် နေ့အပူချိန်များ

၈-၄-၂၀၀၈

ချောက်	၄၄ ဒီဂရီစင်တီဂရိတ် (၁၁၁ ဒီဂရီဖာရင်ဟိုက်)
ညောင်ဦး	၄၂ ဒီဂရီစင်တီဂရိတ် (၁၀၈ ဒီဂရီဖာရင်ဟိုက်)
အောင်လံ	၄၂ ဒီဂရီစင်တီဂရိတ် (၁၀၈ ဒီဂရီဖာရင်ဟိုက်)
ရွှေဘို	၄၁ ဒီဂရီစင်တီဂရိတ် (၁၀၆ ဒီဂရီဖာရင်ဟိုက်)
မုံရွာ	၄၁ ဒီဂရီစင်တီဂရိတ် (၁၀၆ ဒီဂရီဖာရင်ဟိုက်)
မန္တလေး	၄၁ ဒီဂရီစင်တီဂရိတ် (၁၀၆ ဒီဂရီဖာရင်ဟိုက်)
မြင်းခြံ	၄၁ ဒီဂရီစင်တီဂရိတ် (၁၀၆ ဒီဂရီဖာရင်ဟိုက်)
မင်းဘူး	၄၁ ဒီဂရီစင်တီဂရိတ် (၁၀၆ ဒီဂရီဖာရင်ဟိုက်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၉-၄-၂၀၀၈
(ဗုဒ္ဓဟူးနေ့)

မြန်မာနှင့်အိန္ဒိယ ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်

လမ်းပန်းဆက်သွယ်မှုနှင့်ကုန်သွယ်မှုတိုးတက်ရေးကြိုးပမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ မိုဟာမက်ဟာမစ် အန်ဆာရီ၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ ဧပြီလ ၂ ရက်နေ့မှ ၆ ရက်နေ့အထိ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် အိန္ဒိယသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း အိန္ဒိယသမ္မတနိုင်ငံသမ္မတ မစ္စစ် ပရာတီဘာပတေးလ်၊ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်း၊ ဒုတိယသမ္မတ မစ္စတာ မိုဟာမက်ဟာမစ်အန်ဆာရီတို့နှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့သည် အိမ်နီးချင်းကောင်း နိုင်ငံများပီသစွာ ရင်းရင်းနှီးနှီးဆက်ဆံနေထိုင်လျက် ရှိသည်။ နှစ်နိုင်ငံ ခေါင်းဆောင်များ အပြန်အလှန်လည်ပတ်လျက်ရှိရာ မြန်မာနှင့်အိန္ဒိယ နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်ရင်း နှစ်နိုင်ငံ လမ်းပန်း ဆက်သွယ်မှုနှင့် ကုန်သွယ်မှု တိုးတက်ကောင်းမွန်ရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးတို့ကို အလေးထားဖော်ဆောင်လျက်ရှိသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ အိန္ဒိယသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံ သဘောတူစာချုပ်များနှင့်နားလည်မှု စာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ မြန်မာနိုင်ငံ စစ်တွေ ဆိပ်ကမ်းနှင့် အိန္ဒိယသမ္မတနိုင်ငံ မီဇိုရမ်ပြည်နယ်အကြား သွားလာ ဆက်သွယ်ရန် ကုလားတန်မြစ် ဘက်စုံပြုပြင်ရေး မူဘောင်သဘောတူ စာချုပ်၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ထောက်လှမ်းရေးသတင်း ဖလှယ်မှုဆိုင်ရာ နားလည်မှု စာချွန်လွှာ၊ မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား ဝင်ငွေအပေါ် အခွန်နှစ်ထပ် မကျသင့်စေရန် ရှောင်ရှားရေးနှင့် ဝင်ငွေ အပေါ်တွင် အခွန်ပေးဆောင်ခြင်းမှ ရှောင်တိမ်းမှုများ ကာကွယ် တားဆီးရေး သဘောတူစာချုပ်တို့ကို လက်မှတ်ရေးထိုးနိုင်ခြင်းသည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန် မြင့်မားလာခြင်းကို ဖော်ညွှန်းလျက်ရှိသည်။

ထို့အပြင် ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါ လာကြသော မြန်မာစီးပွားရေး လုပ်ငန်းရှင်များ၊ နှစ်နိုင်ငံ ကုန် သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်တို့၏ စီးပွား ရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ အိန္ဒိယသမ္မတနိုင်ငံသို့ သွားရောက်သည့် ချစ်ကြည်ရေးခရီးစဉ်သည် မြန်မာနိုင်ငံနှင့် အိန္ဒိယ သမ္မတနိုင်ငံတို့အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု၊ နှစ်နိုင်ငံဆက်ဆံ ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ဆက်လက်၍ အရှိန်အဟုန်မြှင့်တင် ဖော်ဆောင်သွားနိုင်မည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာ ကျောင်းဝင်းအတွင်း သံဃာ့သုခသုံးထပ်ကျောင်းဆောင်နှင့် အခြားသော သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ (ဦးကြင်ဆိုင်)အားရည်စူး၍ ရန်ကုန်မြို့ကမာရွတ်မြို့နယ် လှည်းတန်းနေ ဒေါ်အုန်းရွှေမိသားစုက ကျောင်းမြေအတွက်ကျပ်တစ်သိန်းနှင့် ကျောင်း အဆောက်အအုံအတွက်ကျပ်တစ်သိန်း စုစုပေါင်းအလှူငွေကျပ်နှစ်သိန်း ကို စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်း ထောင့်ရှိမြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်းအမှုဆောင်ဆရာတော်ဒေါက်တာ အရှင် သုဝဏ္ဏလင်္ကာရ(ဘုံဘေ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မျက်စိဝေဒနာရှင်များအား ဆေးဝါးနှင့်ထောက်ပံ့ငွေများလှူဒါန်း

နေပြည်တော် ဧပြီ ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် ကျန်းမာ ရေးဝန်ကြီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်သော နေပြည်တော် ပျဉ်းမနားခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား ဧပြီ ၄ ရက်နှင့် ၅ ရက်တို့တွင် အောင်မြင်စွာခွဲစိတ်ပြီး မျက်စိဝေဒနာရှင်များအား မျက်မှန်တပ်ဆင်ပေးခြင်း၊ ဆေးဝါးများနှင့်ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းပွဲ ကို ဧပြီ ၇ ရက် နံနက် ၇ နာရီတွင် နေပြည်တော်ရှိ ခုတင်(၃၀၀) ပြည်သူ့ ဆေးရုံကြီး ယာယီမဏ္ဍပ်၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင် သောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ရန်ကုန်မြို့တော် စည်ပင် သာယာရေး ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၏ဇနီး ဒေါက်တာ ဒေါ်ခင် ဆန်းနွယ်နှင့် မျက်စိအထူးကု ဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊နေပြည်တော် ပျဉ်းမနားခရိုင်နှင့် မြို့နယ်များမှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ အလှူရှင်များက မျက်စိခွဲစိတ်ကုသပြီး ဝေဒနာရှင်များအား မျက်မှန်တပ်ဆင် ခြင်း၊ ဆေးဝါးပစ္စည်းများ အခမဲ့ပေးဝေခြင်းနှင့် အလှူငွေများ ပေးအပ်ကြပြီး မျက်စိခွဲစိတ်ကုသပြီး ဝေဒနာရှင်များအား ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က အားပေးစကားပြောကြားကြသည်။

အဆိုပါ လှူဒါန်းပွဲ၌ မျက်စိဝေဒနာရှင် ၂၁၉၄ ဦးအနက် မျက်စိခွဲစိတ် ကုသပြီး ဝေဒနာရှင် ၃၄၈ ဦးတို့အား မျက်မှန်၊ ဆေးဝါးများနှင့် အလှူငွေများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်။ **(အောက်ဝဲပုံ)** (သတင်းစဉ်)

နေမိန္ဒြဓမ္မအေးရိပ်သာတရားစခန်းနှင့် ပရိတ်တော်ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၈

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် မိုးကောင်းစေတီအနီးတွင် တည်ရှိသော နေမိန္ဒြ ဓမ္မအေးရိပ်သာစခန်းတွင် (၂၁)ကြိမ်မြောက် ဝဋ္ဋသုတ် ပရိတ်တော် ပူဇော်ပွဲကို ဧပြီ ၆ ရက်မှ ၁၇ ရက် (နှစ်ဆန်းတစ်ရက်) အထိ ပူဇော်မည်ဖြစ်သည်။ အဓိဋ္ဌာန်ဖြင့် ပူဇော်လိုသူများ၊ တရားစခန်းဝင်လိုသည့် ယောဂီများသည် တရားစခန်း သာသနာ့ အကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သန်း (သီလဝဘာသာရေး မဂ္ဂဇင်း) ဖုန်း-၃၈၈၉၆၁ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်သည်။ (က-ပ)

မြန်အောင်လေးမျက်နှာ မဟာစည်ဆရာတော်တရားပွဲများ

ရန်ကုန် ဧပြီ ၈

ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာကြီး၏ နာယက မြန်အောင် လေး မျက်နှာ မဟာစည်ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)သည် ဧပြီ ၁၂ ရက် မွန်းလွဲ ၂ နာရီ၌ ပြည့်စုံအေး မဟာစည် မြောက်ဥက္ကလာပတရားပွဲ၊ ညနေ ၄ နာရီ၌လယ်တီစိမ်မဟာစည်ပုဇွန်တောင် တရားပွဲ၊ညပိုင်း၌ ညောင်တုန်းမြို့နယ် ဥတိုရွာတရားပွဲ၊ ၁၃ ရက်နံနက်နှင့် နေ့တွင် မဟာစည်သာသနာ့ရိပ်သာကြီး ဖလ်ယဉ်တရားပွဲ ညပိုင်း၌ နန္ဒဝန် တရားစခန်းတာမွေ၊ ၁၄ရက် မွန်းလွဲ၂နာရီတွင်သဒ္ဓမ္မဇောတိကာရုံကျောင်းတိုက် သဃ်န်းကျွန်း၊ ညပိုင်း၌ ကျိုက်ဒေးယျံမဟာစည် သန်လျင်မြို့၊ ၁၅ ရက်မှ ၁၉ ရက်အထိ ဥတိုရွာ ညောင်တုန်းမြို့နယ် ညတရားပွဲ၊ ၂၁ ရက်၌ မြန်အောင်မြို့ ဒေါ်သံဝရညာဏီ အလှူတရားပွဲနှင့် ၂၂ ရက်၌ ဦးတက်တိုး၊ ဒေါ်ဝင်းဝင်းမာ သစ်တောဦးစီးမှူးအလှူတရားပွဲ၊ ၂၅ရက်မှ ၃၀ရက်အထိရွှေလောင်းဘွတ်တန်းတရားစခန်းပွဲ၊ ဇွန် ၁၁ ရက်မှ ၁၆ ရက်အထိ ကြံခင်းမြို့ပေါက်တိုင်းရွာ တရားစခန်းပွဲများ၌ တရားများ ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။(က-ပ)

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong နှင့် မြန်မာနိုင်ငံ စင်ကာပူအသင်း (SAM) ဥက္ကဋ္ဌ Mr. Teddy Chia တို့က ငွေကျပ် ၁၁၄ သိန်းကျော်တန်ဖိုးရှိ Patient Monitor နှစ်လုံးနှင့် Syringe Pump နှစ်လုံးကို ရန်ကုန်ကလေးဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာ အောင်ကြည်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်ကလေးဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းများ လှူဒါန်း

ရန်ကုန် ဧပြီ ၈

ရန်ကုန်ကလေးဆေးရုံကြီးသို့မြန်မာနိုင်ငံ စင်ကာပူအသင်း (Singapore Association of Myanmar-SAM) မှ ဆေးရုံသုံးပစ္စည်းများ လှူဒါန်းပွဲကို ဧပြီ ၇ ရက်နံနက် ၁၀ နာရီတွင် အဆိုပါဆေးရုံ ညှိနှိုင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစင်ကာပူ အသင်းဥက္ကဋ္ဌ Mr. Teddy Chia နှင့် သံအမတ်ကြီးတို့က ငွေကျပ် ၁၁၄ သိန်းကျော်တန်ဖိုးရှိ Patient Monitor နှစ်လုံးနှင့် Syringe Pump နှစ်လုံးကို ရန်ကုန်ကလေး ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာ အောင်ကြည်ဝင်းထံ ပေးအပ်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားသည်။ (သတင်းစဉ်)

ထားဝယ်ရိုးရာ သင်္ကြန်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၈

နှစ်စဉ်ကျင်းပမြဲဖြစ်သော ထားဝယ်အသင်း၏ ထားဝယ်ရိုးရာသင်္ကြန် (ရေးဇီမှန်း)နှင့် ရိုးရာမုန့်မျိုးစုံလှူပွဲကို ဧပြီ ၁၂ရက် နံနက် ၈နာရီမှ ၁၀ နာရီအထိ အမှတ် (၈၂၈)၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ်ရှိ ထားဝယ်အသင်းတွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသား၊ ထားဝယ်သူ၊ ထားဝယ်သားများနှင့် မိတ်ဆွေသင်္ဂဟများအား အသင်းအမှုဆောင်အဖွဲ့မှဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ မိဂဒါဝုန်ရှိ ဓမ္မရာဇိကစေတီတော်နှင့် ဓမ္မေခစေတီတော်တို့အား ဖူးမြော်ကြည်ညို

နေပြည်တော် ဧပြီ ၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဧပြီ ၅ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် ဗာရာဏသီမြို့သို့ ရောက်ရှိကြရာ ခရိုင်တရားသူကြီး Mrs. Veena၊ **ခရိုင်ရဲဝန်** Shri Shirodkar **နှင့် မြန်မာနိုင်ငံ ကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်တို့က ကြိုဆိုကြသည်။**

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မိဂဒါဝုန်သို့ သွားရောက်ကြပြီး ဘုရားဖြစ်တော်မူပြီးနောက် ပဉ္စဝဂ္ဂီ ငါးဦးတို့အား ဂေါတမမြတ်စွာဘုရား ဓမ္မစကြာ တရားဦး ဟောကြားတော်မူခဲ့သည့် နေရာ၌ တည်ထားခဲ့သော ဓမ္မရာဇိက စေတီတော်ဟောင်းအား ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က ပန်း၊ ရေချမ်း၊ အမွှေးတိုင်နှင့် ဆီမီးများဖြင့် ဆက်ကပ် လှူဒါန်းကြကာ ဓမ္မစကြာတရား ဦးဟောတော်မူသည့် ဗုဒ္ဓမြတ်စွာအား ရည်မှန်းအာရုံပြု ဖူးမြော်ကြသည်။

ဆက်လက်၍ မိဂဒါဝုန်(မြန်မာ) ကျောင်းဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝဏ္ဏဓဇက အနု မောဒနာတရားဟောကြားတော်မူသည်။

ထို့နောက် မြန်မာချစ်ကြည်ရေးအဖွဲ့ ဝင်များသည် မြတ်စွာဘုရား ပထမ ဝါကပ်တော်မူခဲ့သည့် မိဂဒါဝုန် အတွင်း လှည့်လည်ကြည့်ရှု ကြည်ညို ကြရာ ရှေးဦးစွာ သီရိဓမ္မာသောကမင်း ၏ကျောက်စာတိုင်ကို ကြည့်ရှုလေ့လာ ကြပြီး ဂေါတမမြတ်စွာဘုရား-ဘုရား ဖြစ်တော်မူပြီးနောက် ပထမဝါကပ် တော်မူခဲ့သည့် မူလဂန္ဓကုဋီ နန္ဒိယ ကျောင်းတော်ရာဟောင်းကို ကြည့်ရှု ၍ မြတ်စွာဘုရားအား အာရုံပြု ကြည်ညိုကြသည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ် မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြ စန်းတို့သည် ပဉ္စဝဂ္ဂီ ငါးဦးတို့အား အနတ္တလက္ခဏသုတ် ဟောကြားတော် မူခဲ့သည့် ဓမ္မေခစေတီတော်အား ပန်း၊ ဆီမီး၊ အမွှေးတိုင်နှင့် ရေချမ်းများ ကပ်လှူပူဇော် ကြည်ညိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က အလှူငွေများကို ဆရာတော် ဘဒ္ဒန္တ ဝဏ္ဏဓဇထံ ဆက်ကပ်လှူဒါန်းကြရာ ဆရာတော်က ဓမ္မလက်ဆောင်အဖြစ် ဓမ္မစကြာမုဒြာရုပ်ပွားတော် တစ်ဆူနှင့် မိဂဒါဝုန်(မြန်မာ)ကျောင်း နှစ်(၁၀၀) ပြည့် အထိမ်းအမှတ် ထုတ်ဝေသည့် စာအုပ်များကိုပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ် မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ သည် ဓမ္မေခစေတီတော်အား ရွှေ သင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြ ပြီး လက်ယာရစ်တစ်ပတ် လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် မှတ်တမ်းတင်ဓာတ်ပုံများရိုက်ကြသည်။

ထို့နောက် သီရိလင်္ကာကျောင်းထိပ် သို့ ရောက်ရှိကြရာ ဆရာတော် ဘဒ္ဒန္တ သုမေဓာကမြန်မာချစ်ကြည်ရေး ကိုယ် စားလှယ်အဖွဲ့ဝင်များအား ဓမ္မလက် ဆောင်အဖြစ် ပဝါများကို ပေးအပ် သည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ သည် သီရိလင်္ကာကျောင်းတိုက် အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ဆီမီးနှင့် ရေချမ်းများဖြင့် ဆက် ကပ်လှူဒါန်းပူဇော်ကြပြီး သာသနာ အကျိုးပြုလုပ်ငန်းများအတွက် အသုံး ပြုရန် သီရိလင်္ကာဆရာတော်ထံ အလှူငွေများ ပေးအပ်လှူဒါန်းရာ ဆရာတော်က ဓမ္မလက်ဆောင်အဖြစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ပုံတူကို ပြန်လည် ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် သီရိ လင်္ကာကျောင်းတိုက်၏ ဧည့်သည် တော် မှတ်တမ်းစာအုပ်၌ လက်မှတ် ရေးထိုးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ဗာရာဏသီမြို့မှ ဂယာမြို့သို့ အထူး လေယာဉ်ဖြင့်ထွက်ခွာခဲ့ကြရာ ညနေ ၆နာရီခွဲတွင် ဂယာလေဆိပ်သို့ ရောက် ရှိကြပြီး လေဆိပ်မှတစ်ဆင့် မော်တော် ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် The Royal Residency Hotel သို့ ရောက်ရှိကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ည ၈ နာရီတွင် ဗုဒ္ဓဂယာရှိ သီရိဓမ္မာသောက မင်းကြီး စတင်တည်ထားခဲ့သည့် မဟာဗောဓိစေတီတော်အား သွား ရောက်ဖူးမြော်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် မဟာဗောဓိစေတီတော် ဂန္ဓကုဋီတိုက် အတွင်း ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ဆီမီး နှင့် အမွှေးတိုင်များဖြင့် ဆက်ကပ် လှူဒါန်းပြီး ရှိခိုးပူဇော် ကန်တော့ကြ သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် စေတီတော်အားလက်ယာရစ်တစ်ပတ် လှည့်လည်ဖူးမြော် ကြည်ညိုပြီး မြတ်စွာဘုရား သဗ္ဗညုတဉာဏ် ရရှိ တော်မူခဲ့သည့် နေရာဖြစ်သော အပရာ ဇိတပလ္လင်နှင့်ဗောဓိပင်တို့အား ဖူးမြော် ကြည်ညိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် ဟိုတယ်သို့ ပြန် လည် ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ ဗုဒ္ဓဂယာမဟာဗောဓိစေတီတော် ပရိဝုဏ်အတွင်းရှိ ဗောဓိပင်နှင့် အပရာဇိတပလ္လင်တော်ကို ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

ဖူးမြော်ကြည်ညို

နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီးဒေါ်မြမြစန်း နှင့် အဖွဲ့ဝင်များ အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ မိဂဒါဝုန်ရှိ ဓမ္မေခစေတီတော်အား ဖူးမြော် ကြည်ညိုကြစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၉-၄-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ တေးဂီတအစီအစဉ်
- ၇း၅၀ ၅။ "အေးမြသော လေညှင်းလေးများ" (မေတ္တာ၊ ဇေယျ၊ စိုးမိုးကြည်၊ ဇူဇူမောင်) (ဒါရိုက်တာ-အောင်မိုး(ပဲရစ်))
- ၈း၁၀ ၆။ ခါသကြန်နိ အဆိုအကများ
- ၈း၃၀ ၇။ International News.
- ၈း၄၅ ၈။ Let's Go.
- ၉း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ Practice In Reading.
- ၄း၂၅ ၃။ သီချင်းကြီးပဒေသာ
- ၄း၃၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
- ၄း၄၅ ၅။ ခါသကြန်နိအဆိုအကများ
- ၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက် ရေးတေးများ
- ၅း၀၅ ၇။ တေးဂီတအစီအစဉ်
- ၅း၂၀ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၁။ Man & The Elephant (Part-1) Man & The Elephant (Part-2)
- ၇း၁၅ ၁၂။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- ၇း၃၀ ၁၃။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
- ၇း၅၀ ၁၄။ အခြေခံဥပဒေသစ်နှင့် ပြည်ထောင်စု စနစ် (အပိုင်း-၁)
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ ခါသကြန်နိအဆိုအကများ
- ၁၉။ 'သာယာရွှေပြည် တို့နေပြည်" (ဖြိုးငွေစိုး၊ အောင်ရဲလင်း၊ ဇင်ဇင်ဇော်မြင့်၊ မေ့စ်၊ ဗေလုဝ၊ ရှက်တယ်) (ဒါရိုက်တာ- စင်ရော်မောင်မောင်)
- ၂၀။ အစီအစဉ်ပြီး၏။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကာနာတာကါပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံဆွေးနွေး

ပြည်နယ်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဧပြီ ၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဧပြီ ၄ ရက် ည ၇ နာရီ မိနစ် ၅၀ တွင် ကာနာတာကါပြည်နယ် ဘန်ဂလောမြို့ရှိ Raj Bhawan သို့ သွားရောက်၍ ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Rameshwar Thakur နှင့် တွေ့ဆုံဆွေးနွေးသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား Raj Bhawan မှ အသင့်စောင့်ကြိုနေသော ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Rameshwar Thakur နှင့် ဇနီးတို့က ခရီးဦးကြိုဆို၍ ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးတို့သည် ဧည့်ခန်းမ၌ တွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူကိစ္စများကို ရင်းနှီးစွာ အပြန်အလှန် ဆွေးနွေးဖလှယ်ကြသည်။

တက်ရောက်

ယင်းနောက် ကာနာတာကါ ပြည်နယ်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီးဒေါ်မြမြစန်းတို့နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံဘက်မှ ကာနာတာကါပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Rameshwar Thakur နှင့် ဇနီးတို့နှင့်အတူ ပြည်နယ်မှ တာဝန်ရှိသူများနှင့် အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးတို့ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာ စားပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ပြည်နယ်အုပ်ချုပ်ရေးမှူးက ရင်းနှီးချစ်ကြည်စွာ ရိုးရာယဉ်ကျေးမှုနှင့်အညီ ဂုဏ်ပြုလက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ကာနာတာကါပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Rameshwar Thakur တို့ ဘန်ဂလောမြို့ရှိ Raj Bhawan ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

စံရာအောင်မြေ ပဲနွယ်ကုန်း မဟာစည်ရိပ်သာ သင်္ကြန် နေ့အထူးတရားပွဲများနှင့် ပထမအကြိမ် စုပေါင်းရေစက်ချ အလှူတော်မင်္ဂလာ ကျင်းပမည်

ရန်ကုန် ဧပြီ ၈

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကမ္ဘာအေးရေကူးဘူတာအနီးရှိ စံရာအောင်မြေ ပဲနွယ်ကုန်း မဟာစည်ရိပ်သာ၌ သင်္ကြန် နေ့အထူးတရားပွဲများ ကျင်းပမည်ဖြစ်ရာ ဧပြီ ၁၃ ရက် (သင်္ကြန်အကျနေ့)တွင် ပဓာနနာယက ပဲနွယ်ကုန်း ဆရာတော် ဘဒ္ဒန္တစန္ဒာဝရ (မဟာကမ္မဋ္ဌာနာစရိယ)၊ ဧပြီ ၁၄ ရက် (သင်္ကြန် အကြတ်နေ့)တွင် မဇ္ဈိမဂုဏ်ရည်ဆရာတော် ဒေါက်တာအရှင်ကောဝိဒ၊ ဧပြီ ၁၅ ရက် (သင်္ကြန်အကြတ်နေ့)တွင် တွံတေးဆရာတော် အရှင်ဣန္ဒက၊ ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့)တွင် ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ၊ ဧပြီ ၁၇ ရက် (နှစ်ဆန်း ၁ရက်နေ့)တွင် မြစ်သားဆရာတော် ဘဒ္ဒန္တဝါသဝ (အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက)တို့က နေ့စဉ် မွန်းလွဲ ၂ နာရီမှ စတင်ဟောကြားမည်ဖြစ်ပြီး စံရာအောင်မြေ ပဲနွယ်ကုန်း မဟာစည်ရိပ်သာ တည်ထောင်ရေးအတွက် လှူဒါန်းထားကြသော အလှူဒါယကာ အစုစုတို့အတွက် ပထမအကြိမ် ရေစက်ချအလှူမင်္ဂလာကို ၁၃၇၀ ပြည့်နှစ် နှစ်ဆန်းတစ်ရက်နေ့ နေ့တရားပွဲအပြီး၌ ကျင်းပမည်ဖြစ်ကြောင်းနှင့် အလှူရှင်များအားလုံး ကြွရောက်၍ ကြည်ညိုဝမ်းသာ သာဓုခေါ်ဆိုနိုင်ရန် ဖိတ်ကြားထားကြောင်း သိရသည်။ (သတင်းစဉ်)

မြောက်ဥက္ကလာပမြို့နယ် (၇၂၇) ဘုမ္မာ (၄)လမ်း (ဈ)ရပ်ကွက်နေ ဦးမောင်ကျော်(ခ) ဦးကျော်ကျော် လူမှုထူးချွန်(ပထမဆင့်) **(အောက်ပုံ)** သည် မြောက်ဥက္ကလာပဆေးရုံကြီး၌ အကြိမ် (၁၀၀)မြောက် သွေးလှူဒါန်းသည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၄-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM	
၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"နိဗ္ဗာန်ကိုသွား ဉာဏ် (၅)ပါး" တရားတော် [ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် (ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)]
၇း၅၀ - ၁း၅၀	INDUSTRIAL TALK [ဒေါက်တာချိုဝင်းမော်၊ ဦးတင်အောင်ရွှေ(သုတေသီ)]
၈း၂၅ - ၂း၂၅	သီချင်းကောင်းကောင်းသီချင်းတောင်း
၈း၅၀ - ၂း၅၀	သစ်သီးဝလံပေါပြည့်ဝေဆာ တို့မြေမှာ(နှင်းသီး)
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	ခါသင်္ကြန်အဆိုအက
၉း၃၅ - ၃း၃၅	သင်္ကြန်နှင့်သူတို့
၉း၄၅ - ၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀ - ၃း၅၀	ခါသင်္ကြန်အဆိုအက
၉း၅၅ - ၃း၅၅	စွဲမက်အရသာ အနောက်တိုင်းအစားအစာမဟာဌာနီမှာ (Chicken Cordon Bleu & Lamb Chop)
၁၀း၁၀ - ၄း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅ - ၄း၁၅	ခါသင်္ကြန်အဆိုအက
၁၀း၂၀ - ၄း၂၀	Midweek Sports News
၁၀း၃၅ - ၄း၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၅ - ၄း၄၅	ခါသင်္ကြန်အဆိုအက
၁၀း၅၀ - ၄း၅၀	နားခိုစရာ တောင်လေ့ကားမြို့မှာ
၁၁း၀၅ - ၅း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၀ - ၅း၁၀	မန်းချောင်းတံတား
၁၁း၂၀ - ၅း၂၀	ခါသင်္ကြန်အဆိုအက
၁၁း၂၅ - ၅း၂၅	အပန်းဖြေမည် မြပုဏ္ဏမီ
၁၁း၅၅ - ၅း၅၅	ခါသင်္ကြန်အဆိုအက
၁၂း၀၀ - ၆း၀၀	ဖြိုးစေတနာ၏ အလင်းအလှူ
၁၂း၂၅ - ၆း၂၅	International Video Topics (ပန်ဒါဝက်ဝံကြီးများ)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champion League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၀၀	Man Utd - Roma	ESPN(Live)
၁း၀၀	Barcelona - Schalke	Star Sport(Live)

e-D Form လျှောက်ထားခြင်းအတွက် ငွေစာရင်းခေါင်းစဉ် ပြောင်းလဲ

နေပြည်တော် ဧပြီ ၈

e-D Form လျှောက်ထားခြင်းအတွက် နီးစပ်ရာ ဘဏ်များမှတစ်ဆင့် ကာယကံရှင်တစ်ဦးထံမှ ငွေကျပ် ၂၀၀ စီ ချလန်ဖြင့် ပေးသွင်းခြင်းကို ယခင် ငွေစာရင်းခေါင်းစဉ်အား ပိတ်သိမ်းပြီးဖြစ်သဖြင့် ၂၀၀၈ ခုနှစ် ဧပြီ ၁ ရက်မှစ၍ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁)ရှိ စာရင်းအမှတ် (CH-၀၆၃၃၂၉) သို့ ပေးသွင်းကြပါရန် လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တွင် ဟောပြောဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၈

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ စီးပွားရေး၊ စီမံခန့်ခွဲရေးအသိပညာပေး ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကို စနေတစ်ပတ်ခြားတိုင်း ကျင်းပလျက်ရှိရာ ဧပြီလနောက်ဆုံးပတ် ၈/၂၀၀၈ကို ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က အဓိကဆွေးနွေးမည်ဖြစ်ပြီး ပါမောက္ခ ဦးမော်သန်း၊ ပါမောက္ခ ဒေါ်လှမြင့်တို့က ပူးပေါင်းပါဝင်၍ Social Enterprise ခေါင်းစဉ်ဖြင့် ဧပြီ ၂၆ ရက် မွန်းလွဲ ၂ နာရီတွင် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးနှင့် စက်မှုဆေးဝါးလမ်းထောင့်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်ဖြစ်ပါသဖြင့် စိတ်ဝင်စားသူတိုင်း အခမဲ့ တက်ရောက်နားထောင်နိုင်ကြောင်း သိရသည်။ (ငါးလုပ်ငန်းအဖွဲ့ချုပ်)

ဂန္ဓဝင်ဓာတုစေတီတော်နှင့် ဗုဒ္ဓဓမ္မရိပ်သာနှစ်ထပ်ကျောင်းဆောင်သစ်အတွက် လှူဒါန်းနိုင်

ရန်ကုန် ဧပြီ ၈

မွန်ပြည်နယ် မုဒုံမြို့နယ် ကော့ခပုံကျေးရွာ၌ ငွေကျပ်သိန်း ၁၂၀၀ အကုန်အကျခံ တည်ဆောက်ဆဲဖြစ်သော နှစ်ထပ် ဗုဒ္ဓဓမ္မရိပ်သာ နှစ်ထပ်ကျောင်းဆောင်သစ်တည်ဆောက်ခြင်းနှင့် မုဒုံမြို့ မြို့မ (၄)ရပ်ကွက်ရှိ ရေတောင်တောရ ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းကျောင်း ပရိဝုဏ်၌ ငွေကျပ်သိန်းလေးရာ အကုန်အကျခံ တည်ဆောက်ဆဲဖြစ်သော ဓာတ်တော် ၁၀၈ ဆူ ကိန်းဝပ်စံပယ်တော်မူမည့် ဂန္ဓဝင်ဓာတုစေတီတော်သစ်၏ တည်ဆောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် ပါဝင်လှူဒါန်းလိုသူများသည် မုဒုံမြို့ ရေတောင်တောရ ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်းမှ ကျောင်းအုပ် ပဓာန နာယက ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တပညာဝရ ဖုန်း-၀၅၇-၇၀၈၃၆ထံ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

(၁၁)နှစ်မြောက် အထိမ်းအမှတ် အလှူတော်မင်္ဂလာကျင်းပ

ရန်ကုန် ဧပြီ ၈

စစ်တက္ကသိုလ် အမှတ်စဉ်(၄၂)၏ (၁၁)နှစ်မြောက် အထိမ်းအမှတ် အလှူတော်မင်္ဂလာကို ဧပြီ ၆ ရက် (တနင်္ဂနွေနေ့)တွင် နေပြည်တော် ပျဉ်းမနားရှိ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ခေမာသီဝံကျောင်းတိုက်၌ ဆရာတော်ကြီး အမှူးထား၍ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပြီး ဗုဒ္ဓရုပ်ပွားတော်တစ်ဆူနှင့် လှူဖွယ်ပစ္စည်းများကိုလည်း လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် သင်တန်းများဆင်းပွဲသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဧပြီ ၇ရက် နံနက် ၉နာရီတွင် နေပြည်တော်ရှိ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမ၌ ကျင်းပသော အဆင့်မြင့်အုပ်ချုပ်မှုသင်တန်း အမှတ်စဉ်(၁၆)၊ နိုင်ငံတကာဆက်ဆံရေးသင်တန်းအမှတ်စဉ်(၆)နှင့် ကွန်ပျူတာသင်တန်းအမှတ်စဉ်(၂) သင်တန်းများဆင်းပွဲသို့ တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးဦးထွန်းကြည်နှင့်ဌာနမှူးများ၊တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြား၍ ထူးချွန်ဆုများကို ဆက်လက်ချီးမြှင့်ရာ အဆင့်မြင့်အုပ်ချုပ်မှုသင်တန်း အမှတ်စဉ်(၁၆)တွင် စံပြသင်တန်းသားဆုရ ဦးဆန်းထွန်းအောင်အား လည်းကောင်း၊ နိုင်ငံတကာ ဆက်ဆံရေးသင်တန်း အမှတ်စဉ်(၆)တွင် စံပြသင်တန်းသူဆုရ ဒေါ်သဲနေနေကျော်အား လည်းကောင်း၊ ကွန်ပျူတာသင်တန်း အမှတ်စဉ်(၂)တွင် စံပြသင်တန်းသားဆုရ ဦးသန်းနိုင်ဝင်းအားလည်းကောင်းဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားကိုယ်စားလှယ်များအား ပေးအပ်သည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များက သင်တန်းနည်းပြများကို ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ယင်းသင်တန်းများသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများနှင့် နေပြည်တော် စည်ပင်သာယာရေး ကော်မတီမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ရာ အဆင့်မြင့်အုပ်ချုပ်မှုသင်တန်းအမှတ်စဉ်(၁၆)တွင် သင်တန်းသား၃၀၊ နိုင်ငံတကာ ဆက်ဆံရေး သင်တန်းအမှတ်စဉ်(၆) တွင်သင်တန်းသား၊ သင်တန်းသူ ၂၀၊ ကွန်ပျူတာ သင်တန်းအမှတ်စဉ်(၂) တွင် သင်တန်းသား၊ သင်တန်းသူ ၃၀၊ စုစုပေါင်း၈၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ (၁၂) ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့် အဆင့်မြင့်အုပ်ချုပ်မှုသင်တန်းအမှတ်စဉ်(၁၆)၊နိုင်ငံတကာဆက်ဆံရေး သင်တန်းအမှတ်စဉ်(၆)နှင့်ကွန်ပျူတာ သင်တန်းအမှတ်စဉ်(၂) သင်တန်းများဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းလှိုင်မြို့နယ်(၁၆)ရပ်ကွက်ရှိမေတ္တာဝါဒီဟာသံာတ(ပရဟိတ) ကိုးထပ်ကျောင်းသစ်ကြီး တည်ဆောက်ရန်နှင့် ပရဟိတလုပ်ငန်းများ အသုံးပြုရန်အတွက် အလှူငွေကျပ် ၁၀သိန်းကို လမ်းမတော်မြို့နယ်၊ ၁၀လမ်းနေဦးကိုကိုလေး-ဒေါ်မိမိထွေး၊သမီးမိမိကို၊ သား သန်းထက်လင်းမိသားစုတို့ကလှူဒါန်းရာအလှူရှင်မောင်နှမနှစ်ဦးကပဓာနနာယက ဆရာတော် ဘဒ္ဒန္တသီလာနန္ဒထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဧပြီ ၅ရက်က စစ်တက္ကသိုလ် အမှတ်စဉ်(၃၇) ကျောင်းဆင်း ၁၂နှစ် မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရနဝကမ္မ ပဒေသာပင် အလှူငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

အရိယရိပ်သာတရားစခန်း

ရန်ကုန် ဧပြီ ၈

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကျိုက္ကလှဲ့စေတီတော်ရှေ့ အရိယရိပ်သာကျောင်းတိုက်၌ မဟာသင်္ကြန်ရက်များအတွင်း ဧပြီ ၁၁ရက်မှ ၁၇ ရက်အထိ တရားစခန်းဖွင့်လှစ်မည်ဖြစ်ရာ မူလမင်းကွန်းဇေတဝန်ဆရာတော်ကြီး၏ မဟာသတိပဋ္ဌာန်ကမ္မဋ္ဌာန်းနည်းအတိုင်း ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကေလာသ အရိယရိပ်သာဆရာတော်က ဟောကြားပြသတော်မူမည်ဖြစ်သည်။ (၅၃၂)

G.P အမှတ်တံဆိပ် မိတ်ဆုံစားပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၈

တစ်ဦးတည်းပိုင်ဘဂျမ်းနှင့်ညီအစ်ကိုများကုမ္ပဏီလီမိတက်က ၁၉၇၇ခုနှစ်မှစတင်၍ မြန်မာနိုင်ငံ တစ်ဝန်းလုံးအတွက် တစ်ဦးတည်း ကိုယ်စားလှယ်ရယူပြီး ကိုယ်တိုင်တရားဝင် တင်သွင်းဖြန့်ဖြူးရောင်းချလျက်ရှိသော G.P Pistons နှင့် RBI Rubber Products Parts မော်တော်ကား အပိုပစ္စည်းများ မြန်မာနိုင်ငံ၌ တင်သွင်းခြင်း (၁၀)နှစ်ပြည့် အထိမ်းအမှတ် မိတ်ဆုံစားပွဲနှင့် U.A.E နိုင်ငံထုတ် Golden Power G.P Lubricants ဂျီပီအမှတ်တံဆိပ် စက်ဆီ၊ ချောဆီနှင့် အင်ဂျင်ဝိုင်များ တင်သွင်းဖြန့်ဖြူးခြင်း ဒုတိယအကြိမ် နှစ်ပတ်လည် မိတ်ဆုံစားပွဲနှင့် ဆုချီးမြှင့်ပွဲကို မတ် ၂၇ရက်တွင်မန္တလေးမြို့ အိုရီယမ်တယ်ဟောက်စ်၌ လည်းကောင်း၊ဧပြီ ၁ရက်တွင်အတ္တရံဟိုတယ်၌ လည်းကောင်း၊ ကျင်းပရာ ဘဂျမ်းနှင့်ညီအစ်ကိုများ ကုမ္ပဏီလီမိတက်မှ မန်နေဂျင်း ဒါရိုက်တာဦးအေးဝင်း(ခ)ဦးဘဂျမ်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

မိတ်ဆုံစားပွဲနှင့် ဆုချီးမြှင့်ပွဲတို့တွင် မန္တလေးမြို့၌ အာရပ်စော်ဘွားများနိုင်ငံ (U.A.E)ဂျာမန်မေရာကုမ္ပဏီလီမိတက်မှမန်နေဂျင်းဒါရိုက်တာMr.Hussein Hindi နှင့် မော်လမြိုင်၌ German Mirror Lubricants and Greases မှ မန်နေဂျင်းဒါရိုက်တာ Mr. Mohammed Hussein တို့က G.P တံဆိပ် အင်ဂျင်ဝိုင်၊ စက်ဆီ၊ ချောဆီများ အဆင့်မြင့်နည်းပညာဖြင့် ထုတ်လုပ်မှုများကို လည်းကောင်း၊ မန္တလေးမြို့၌ RBI Rubber Parts ကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ Mr.Saelimနှင့် မော်လမြိုင်မြို့၌ President Mr.Wanla Pa Saclo တို့က မော်တော်ယာဉ်သုံးရော်ဘာ အစိတ်အပိုင်းပစ္စည်းများအကြောင်းကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မန္တလေးမြို့၌ Charn Kolar Kan Co.,Ltd မှ မန်နေဂျင်း ဒါရိုက်တာ Mr. Charn Puracha grid က မိတ်ဆက်စကားကို လည်းကောင်း၊မော်လမြိုင်မြို့မှ မန်နေဂျင်း ဒါရိုက်တာဦးအေးဝင်း(ခ) ဦးဘဂျမ်း၏ သမီး မအေးမြရတနာက ကျေးဇူးတင်စကားကို လည်းကောင်း ပြောကြားကြပြီးတာဝန်ရှိသူများကတစ်နှစ်တာအတွင်း ရောင်းအားအကောင်းဆုံးဆိုင်များအားဆုများနှင့်မော်လမြိုင်မြို့၌ ကံထူးရှင် Five Stars ဆိုင်ကယ်အပိုပစ္စည်းဆိုင်ကဆိုင်ကယ်ဆုတို့ကို ပေးအပ်ချီးမြှင့်ကာ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဘဂျမ်းနှင့်ညီအစ်ကိုများကုမ္ပဏီလီမိတက်မှ တင်သွင်းသော RBI Rubber Parts နှင့်G.P Pistons များသည် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်ကိုက်ညီသော မော်တော်ကားအပိုပစ္စည်းများဖြစ်ပြီး U.A.E က တင်သွင်းခြင်းဖြစ်သည်။ Golden Power အင်ဂျင် ဝိုင်၊ စက်ဆီ၊ ချောဆီများကို ဂျာမန် နည်းပညာများဖြင့် ထုတ်လုပ်ထားပြီး အင်ဂျင်သက်တမ်းရှည်ကြာစွာ အသုံးပြုနိုင်ရန် ရည်ရွယ်တင်သွင်းခြင်း ဖြစ်သည်။

G.P အမှတ်တံဆိပ်များကိုယုံကြည်စိတ်ချစွာအသုံးပြုနိုင်ပြီးအမှတ် ၂၃၃၊ ၂၈လမ်း၊ ၈၁လမ်းနှင့် ၈၂ လမ်းကြား မန္တလေးမြို့ ဖုန်း-၀၂-၃၁၂၁၀ နှင့် ၀၉ ၅၀၅၅၉၀၇ တို့သို့ ဆက်သွယ်မှာယူနိုင်သည်။

(သတင်းစဉ်)

GP Pistonsနှင့် RBI Rubber Products Parts မော်တော်ကား အပိုပစ္စည်းများမြန်မာနိုင်ငံ၌ တင်သွင်းခြင်း(၁၀) နှစ်ပြည့်အထိမ်းအမှတ် မိတ်ဆုံစားပွဲ၊ U.A.E နိုင်ငံထုတ် Golden Power G.P Lubricants ဂျီပီအမှတ်တံဆိပ်စက်ဆီ၊ချောဆီနှင့် အင်ဂျင်ဝိုင်များ တင်သွင်း ဖြန့်ဖြူးခြင်း ဒုတိယအကြိမ် နှစ်ပတ်လည် မိတ်ဆုံစားပွဲနှင့် ဆုချီးမြှင့်ပွဲကို မန္တလေးမြို့၌ ကျင်းပစဉ်။ **(သတင်းစဉ်)**

ကြေးပိဋကတ်တော်ပြုလုပ်ရန် အလှူငွေများလှူဒါန်း

ရန်ကုန် ဧပြီ ၈

ကြေးပိဋကတ်တော်သုတ္တန္တပိဋကဝင် အင်္ဂုတ္တိုရ်ပါဠိတော်ကျမ်း (ဒုတိယအုပ်) အတွက် ဦးဆောင်ဆရာတော် ဗဟန်းကိုယ့်မင်းကိုယ့်ချင်းလမ်း မင်္ဂလာတိုက်ကျောင်းပဓာနနာယက ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) အရှင်မြတ်ထံသို့-အဘွား ဒေါ်လှငွေ၏ အသက် ၉၁နှစ်ပြည့်မွေးနေ့အတွက် သားသမီးမြေးတစ်စုကကြေးပြား ၁၀ချပ်၊ ဗိုလ်ချုပ်တင်ထွတ်-ဒေါ်တင်တင်ညွန့် မိသားစုက ကြေးပြားငါးချပ်၊ ဗိုလ်ချုပ်မောင်မောင်ဆွေ - ဒေါ်တင်တင်နွဲ့၊ သမီး မအိသက်သက်ဆွေ၊ သား အလုပ်သင်ဗိုလ် ကောင်းကျော်ဆွေမိသားစုက ကြေးပြားငါးချပ်၊ ဦးစိုးသိဟ-ဒေါ်နှင်းဝတ်ရည်၊ သမီး မအိမ့်ချစ်စု၊ သား မောင်ကောင်းခန့် မိသားစုက ကြေးပြားတစ်ချပ်၊ ဦးမျိုးသော်ဇင်-ဒေါ်သီတာ၊ သမီးကြီး မမေဖူးသော်၊သမီးငယ် မဖူးပြည့်သော် မိသားစုက ကြေးပြားတစ်ချပ်၊ ဒေါက်တာ အောင်ကျော်မြင့်-ဒေါက်တာနန္ဒာစိန်၊သားကြီးလင်းထွတ်ကျော်၊ သားငယ် ကောင်းထွတ်ကျော် မိသားစုက ကြေးပြားတစ်ချပ်၊ (ဦးတင်ဝင်း) - ဒေါ်သန်းသန်းမြင့် မိသားစုတို့က ကြေးပြားတစ်ချပ်၊ ဗိုလ်ကြီးကျော်ကျော်ဦး(ငြိမ်း)-သီရိသုမင်္ဂလာ ဒေါ်သန်းသန်းစိန်၊ သား မောင်သူရဦး၊ မောင်ကျော်ရဲဟိန်း မိသားစုက ကြေးပြားငါးချပ်၊ ဦးလှမောင်-ဒေါ်လှလှစု မိသားစုတို့က ကြေးပြားငါးချပ်၊ မောင်သက်မိုးဆွေ ၂၁နှစ်ပြည့်မွေးနေ့အလှူ ကြေးပြားငါးချပ်၊ဗိုလ်မှူးခင်လတ်-ဒေါ်ခင်ဝင်း မိသားစုကကြေးပြားသုံးချပ်၊ ဦးသန်းဝင်း-ဒေါ်စုစုအေး မိသားစုက ကြေးပြားတစ်ချပ်၊ ဦးတင့်ထူး - ဒေါ်ဥမ္မာမြ မိသားစုကကြေးပြားတစ်ချပ်၊ ဦးတင်ချော-ဒေါ်ခင်ရွှေမိသားစုက ကြေးပြားတစ်ချပ်၊ ဒုတိယဗိုလ်မှူးကြီးမင်းသော်-ဒေါ်တင်တင်အေး၊ သားကြီး ဝေယံမင်းသော်၊ သားလတ်ကောင်းမြတ်မင်းသော်၊ သားငယ် ကောင်းထက်မင်းသော် မိသားစုမှ ကြေးပြား တစ်ချပ်၊ ဦးကျော်သိန်းမှ ကြေးပြား တစ်ချပ်၊ ကပ္ပတိန်လှလှဝင်း-ဒေါ်တင်တင်ဝင်း၊ သမီး မမေဦးမွန်၊ သား မောင်ဆက်လင်းထက်မိသားစုက ကြေးပြားတစ်ချပ်၊ ဗိုလ်မှူးကျော်ကျော်အောင် - ဒေါ်မေစုနွယ်မိသားစုက ကြေးပြားတစ်ချပ်၊ မိခင်ဒေါ်စိန်ရီ၊ သမီး ဒေါ်ခင်ခင်ဆင့်၊ သား စီအီးဦးထွန်းလွင်-ဒေါ်ညိုမီ၊ သမီးကြီး မခင်မြတ်မွန်၊ သမီးငယ် မကေသီထွန်းမိသားစုက ကြေးပြားတစ်ချပ် စုစုပေါင်း ကြေးပြား ၅၁ချပ် လာရောက်လှူဒါန်းကြသည်။
(က-ပ)

ပန်းတစ်ပွင့်တောင်သာသနာပြုတောရကျောင်း သာသနိကအဆောက်အအုံများအတွက်ငွေလှူ

ရန်ကုန် ဧပြီ ၈

ပန်းတစ်ပွင့်တောင် သာသနာပြုတောရကျောင်းတိုက်တွင် ပန်းတစ်ပွင့်တောင်ဆရာတော် ဓမ္မကထိက၊ ဗဟုဇနဟိတဓရ၊ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရဦးစီးလျက်စကြာရှင်ဇမ္ဗူအေး ဆယ့်တစ်မီးငြိမ်း ဆုတောင်းပြည့်စေတီ၏ အရံစေတီများ ထီးတော်တင်ခြင်းနှင့် နဂါးရုံဘုရားတည်ထားပြီးဖြစ်သည်။ ရွှေစေတီ၊ ငွေစေတီနှင့်ပေ၂၀၀×ပေ ၆၀သုံးထပ်ကျေးဇူးဆပ်ဗိမာန်တော်ကြီးအား နတ်မြတ်တော်စီမင်္ဂလာပြုလုပ်ပြီးဖြစ်၍ ဗိမာန်တော်ကြီးအတွက် အခန်းတစ်ခန်းလျှင် ငွေကျပ် ၁၂သိန်း၊ ကွန်ကရစ်တိုင်တစ်တိုင်လျှင် ငွေကျပ်သုံးသိန်းဖြင့်လှူဒါန်းနိုင်သည်။

ပန်းတစ်ပွင့်တောင် သာသနာ့နယ်မြေလမ်းပြုပြင်ခြင်းအတွက် ဦးမောင်မောင်လွင်-ဒေါ်မီမီထွန်းမိသားစုက ငွေကျပ် ၁၀သိန်း၊ ဦးသန်းလွင်(ခ) ဦးမောင်လုံး-ဒေါ်ဝင်းမိသားစုက ငွေကျပ် ၁၆သိန်း၊ ဦးဘိုကြီး-ဒေါ်မြင့်ကြည်မိသားစုက ငွေကျပ်ငါးသိန်း၊ ဦးမင်းမင်း-ဒေါ်မော်မော်လှိုင် မိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးမောင်မောင်သန်း-ဒေါ်ခင်မာညိုမိသားစုက ငွေကျပ်တစ်သိန်း၊ ကျေးဇူးဆပ်ဗိမာန်တော်ကြီးအတွက် ဦးဖေသန်း-ဒေါ်ခင်ထွေးခိုင်မိသားစုက ငွေကျပ် ၁၆ သိန်း၊ ဦးစန်းဆင့်-ဒေါ်စိုးစိုးဝင်း မိသားစုက ငွေကျပ် ၁၀သိန်းလှူဒါန်းကြကြောင်း သတင်းရရှိသည်။ (က-ပ)

ရည်မှန်းချက်တာဝန်(၉)ရပ်ဖြင့် ရှေ့သို့ချီတက်နေသော အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ နိုင်ငံတော် ဓာတ်အားပေးစနစ်(၄)

သတင်းဆောင်းပါး - ခရမ်းစိုးမြင့်
ဓာတ်ပုံ - အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(ယမန်နေ့မှအဆက်)

နိုင်ငံတော်အစိုးရ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် လုံ့လဝီရိယနှင့် ဇွဲသတ္တိတို့ကိုအခြေခံ၍ စွယ်တော်ရွက်ပမာ ဆက်စပ်နေသည့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဟန်ချက်ညီပူးပေါင်းပြီး ပြည်သူတို့အတွက် လျှပ်စစ်ဓာတ်အားရရှိရေးကို နေ့မအားညမနား ၂၄ နာရီ ပတ်လုံး တာဝန်ထမ်းဆောင်နေသော ဌာနကြီး ဖြစ်ပေသည်။

နိုင်ငံတော်တွင် အဓိက လျှပ်စစ်ဓာတ်အားထုတ်လုပ်နေသည့် ရေအားလျှပ်စစ်စက်ရုံများသည် တောတောင်နှင့် မြစ်ချောင်းများအတွင်း၌ ဖြစ်၍ ပြည်သူများနေထိုင်သည့် မြို့ရွာများအရောက် ဓာတ်အားပို့ဆောင်နိုင်ရန်အတွက် တောတောင်အထပ်ထပ်ကိုကျော်ဖြတ်ပြီး မဟာဓာတ်အားလိုင်းကြီးများနှင့် ဓာတ်အားတိုင်များ၊ ဓာတ်အားခွဲစက်ရုံ တည်ဆောက်သွယ်တန်းကြရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် လုပ်သားကြီးများသည် တောတောင်ကန္တာရကြီးများအတွင်း၌ အသက်ကို ပဓာနမထားဘဲ လုပ်ကိုင်ဆောင်ရွက်ကြရသလို ဓာတ်ကြိုးနှင့် တိုင်ဆင်ပစ္စည်းများမှာလည်း ပြည်ပမှ နိုင်ငံခြားငွေ အမြောက်အမြား အကုန်အကျခံ၍ ဝယ်ယူရသောပစ္စည်းများဖြစ်သည်။

သို့သော် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုကို ခံယူလျက် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် တည်ဆောက်ရေးတွင် အရေးပါသော လျှပ်စစ်စွမ်းအားကဏ္ဍဖြင့် ဖြည့်စွမ်းပေးရန် အစဉ်ကြိုးပမ်းလျက်ရှိသည်ကို အောက်ဖော်ပြပါ ဓာတ်အားခွဲရုံကြီးများနှင့် မဟာဓာတ်အားလိုင်းကြီးများ တည်ဆောက်သွယ်တန်းထားရှိပြီးသည့် စာရင်းဇယားများက သက်သေပြလျက်ရှိပေသည်-

စဉ်	မှ	သို့	လိုင်း(မိုင်)	ပြီးစီးသည့်နှစ်
၃၁	ကျော့ဇီ	မြင်းခြံ-ညောင်ဦး	၀.၆၀	၂၀၀၃
၃၂	ပုဂံ	လောကနန္ဒာ	၀.၈၀	၂၀၀၃
၃၃	သာကေတ	ကျိုက္ကဆံ	၅.၄၀	၂၀၀၄
၃၄	ကျောက်ပန်းတောင်း	ပိုဗိုလန်	၁၅.၀၀	၂၀၀၄
၃၅	ပခုက္ကူ	ပခုက္ကူချည်စက်	၂.၄၈	၂၀၀၄
၃၆	ကျွန်းချောင်း	စလေ(ဓာတ်မြေသြဇာ)	၃၂.၆၇	၂၀၀၅
၃၇	လှော်ကား	ရွာမ(သံမဏိစက်ရုံ)	၉.၀၀	၂၀၀၅
၃၈	ရွာမ	စိန်ပန်းမြိုင်	၅.၂၇	၂၀၀၅
၃၉	မင်းဘူး	ငဖဲ(ကပစ၁၄)	၃၃.၀၀	၂၀၀၅
၄၀	မင်းဘူး	မလွန်(ကပစ၁၀)	၂၂.၀၀	၂၀၀၅
၄၁	တောင်တွင်းကြီး	ကုလားမ(ကပစ၁၈)	၂၁.၀၀	၂၀၀၅
၄၂	အောင်လံ	ရွှေပန်းတော(ကပစ ၁၅)	၂၁.၀၀	၂၀၀၅
၄၃	မုံရွာ	အင်တော	၁၆.၅၀	၂၀၀၅
၄၄	မုံရွာ	ဘုတလင်	၂၈.၅၀	၂၀၀၅
၄၅	ရေဘုတလင်(၁)	ရေဘုတလင်(၂)	၀.၉၅	၂၀၀၅
၄၆	အင်္ဂပူ	မြန်အောင်-ဟသ်ာတ	၀.၅၁	၂၀၀၅
၄၇	အောင်သပြေ	သံမဏိစက်ရုံ	၃.၅၀	၂၀၀၅
၄၈	သာကေတ	ဒဂုံ(တောင်)	၁.၉၄	၂၀၀၅
၄၉	ဆင်တဲ	မသုန်(ကပစ၁၆)	၉.၀၀	၂၀၀၆
၅၀	ဘုရင့်နောင်	(ရွာမ-ဆင်မလိုက်)	၀.၉၄	၂၀၀၆
၅၁	ဘုရင့်နောင်	အလုံ	၇.၂၀	၂၀၀၆
၅၂	ဘုရင့်နောင်	ကျိုက်ဝိုင်း	၃.၅၇	၂၀၀၆
၅၃	ဆီမီးခုံ	ပရိမ္မ	၁၆.၀၃	၂၀၀၆
၅၄	ဒေါ်နန်းမြဟန်	သာကေတ-ဒဂုံ(အရှေ့)	၂.၀၈	၂၀၀၆
၅၅	အသုတ်	ရေကြည်-ပုသိမ်	၂.၄၅	၂၀၀၇
၅၆	ကျောက်ကူး	မြင်းခြံ-ညောင်ဦး	၁.၀၀	၂၀၀၇
၅၇	ငါ့သရောက်	မြင်းခြံ-ညောင်ဦး	၀.၅၀	၂၀၀၇
၅၈	အောင်လံ	သရက်(ကပစ၁၂)	၉.၅၀	၂၀၀၇
၅၉	ပခန်းကြီး	ဝါယာသာစည်	၁၂.၅၂	၂၀၀၇
၆၀	ရွှေတောင်	ပြည်(စက်မှုဇုန်)	၄.၅၁	၂၀၀၇
၆၁	ရွှေတောင်	ပေါက်ခေါင်း(ကပစ၁၉)	၄၄.၀၉	၂၀၀၈
၆၂	တောင်တွင်းကြီး	စွန်ဆည်(ကပစ၁၇)	၂၅.၀၀	၂၀၀၈
		စုစုပေါင်း	**၉၆၉.၃၆**	
		စုစုပေါင်း(က)+(ခ)+(ဂ)	**၁၇၈၀.၅၂**	

တည်ဆောက်ပြီးစီးခဲ့သော မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံများ၏ စာရင်းကို ဆက်လက် ဖော်ပြအပ်ပါသည်။

(ဃ) ၁၉၈၈ ခုနှစ်နောက်ပိုင်းမှ ၂၀၀၈ခုနှစ် မတ်လအထိ တည်ဆောက်ပြီးစီးခဲ့သော (၂၃၀) ကေဗွီ ပင်မဓာတ်အားခွဲရုံ(၁၃)ရုံ

စဉ်	ခွဲရုံအမည်	ဗို့အား (ကီလိုဗို့)	အမ်ဗွီအေ	ပြီးစီးသည့်နှစ်
၁	သာစည် (တိုးချဲ့)	၂၃၀/၁၃၂/၁၁	၆၀	၁၉၈၉
၂	လှော်ကား (တိုးချဲ့)	၂၃၀/၃၃/၁၁	၆၀	၁၉၉၂
		၂၃၀/၆၆/၁၁	၆၀	၂၀၀၅
၃	ကမာနတ်	၂၃၀/၃၃/၁၁	၆၀	၁၉၉၅
၄	သထုံ(တိုးချဲ့)	၂၃၀/၆၆/၁၁	၁၀၀	၂၀၀၄
၅	ပေါင်းလောင်း	၂၃၀/၁၁	၃၆၀	၂၀၀၅
၆	မြောင်းတကာ	၂၃၀/၃၃/၁၁	၆၀	၂၀၀၅
၇	သာကေတ(တိုးချဲ့)	၂၃၀/၆၆/၁၁	၁၀၀	၂၀၀၆
၈	နေပြည်တော်ပျဉ်းမနား (တိုးချဲ့)	၂၃၀/၃၃/၁၁	၁၀၀	၂၀၀၆
		၂၃၀/၃၃/၁၁	၆၀	၂၀၀၇
၉	လှိုင်သာယာ	၂၃၀/၃၃/၁၁	၁၀၀	၂၀၀၆
၁၀	ဘုရင့်နောင်	၂၃၀/၆၆/၁၁	၁၀၀	၂၀၀၆
၁၁	သာယာကုန်း	၂၃၀/၃၃/၁၁	၃၀	၂၀၀၇
၁၂	အသုတ်	၂၃၀/၆၆/၁၁	၁၀၀	၂၀၀၇
၁၃	သဲဖြူ	၂၃၀/၃၃/၁၁	၁၀၀	၂၀၀၇
	စုစုပေါင်း		**၁၄၅၀**	

နိုင်ငံအနှံ့ ဖြန့်ကြက်သွယ်တန်းထားသော မဟာဓာတ်အားလိုင်းများအနက်မှ အချို့ကို ဤသို့တွေ့ရသည်။

(င) ၁၉၈၈ခုနှစ်နောက်ပိုင်းမှ ၂၀၀၈ခုနှစ် မတ်လအထိ တည်ဆောက်ပြီးစီးခဲ့သော (၁၃၂) ကေဗွီ ပင်မဓာတ်အားခွဲရုံ(၁၉)ရုံ

စဉ်	ခွဲရုံအမည်	ဗို့အား (ကီလိုဗို့)	အမ်ဗွီအေ	ပြီးစီးသည့်နှစ်
၁	ဆည်တော်ကြီး	၁၃၂/၁၁	၃၀.၆	၁၉၈၉
၂	ကျောက်ပုထိုး	၁၃၂/၃၃/၆.၆	၁၅	၁၉၉၀
		၁၃၂/၆၆	၆	၁၉၉၉
၃	ဘီလူးချောင်း (၁)	၁၃၂/၁၁	၃၀	၁၉၉၂
၄	မန္တလေး	၁၃၂/၃၃/၁၁	၃၀	၁၉၉၄
		၁၃၂/၃၃	၈၀	၁၉၉၆
		၁၃၂/၁၁	၁၈	၂၀၀၅
၅	အောင်ပင်လယ်	၁၃၂/၁၁	၁၈	၁၉၉၅
		၁၃၂/၃၃/၁၁	၁၅	၂၀၀၂
၆	ကလော(တိုးချဲ့)	၁၃၂/၆၆/၁၁	၈၀	၁၉၉၆
၇	လက်ပံလှ	၁၃၂/၃၃/၁၁	၁၈	၁၉၉၇
၈	မုံရွာ	၁၃၂/၃၃	၁၅	၂၀၀၁
		၁၃၂/၆၆/၁၁	၄၅	၂၀၀၅
၉	ငှက်ပျောတိုင်း	၁၃၂/၃၃/၁၁	၃၀	၂၀၀၂
၁၀	တောင်တွင်းကြီး(တိုးချဲ့)	၁၃၂/၆၆/၁၁	၆၀	၂၀၀၂
၁၁	မန်း(တိုးချဲ့)	၁၃၂/၆၆/၁၁	၄၀	၂၀၀၃
၁၂	အင်းကုန်း	၁၃၂/၃၃/၁၁	၆၀	၂၀၀၃
၁၃	မုန်း	၁၃၂/၁၁	၁၀၂.၅	၂၀၀၄
၁၄	ပြင်ဦးလွင်(တိုးချဲ့)	၁၃၂/၃၃/၁၁	၆၀	၂၀၀၅
၁၅	ယင်းမာပင်**	၁၃၂/၃၃	၁၅	၂၀၀၆
၁၆	မန္တလေး(စက်မှုဇုန်)**	၁၃၂/၃၃	၁၅	၂၀၀၆
၁၇	ကျောက်ချော	၁၃၂/၁၁	၃၁.၅	၂၀၀၆
၁၈	မြင်းခြံ(တိုးချဲ့)	၁၃၂/၆၆/၁၁	၉၀	၂၀၀၇
၁၉	ရတနာပုံ	၁၃၂/၃၃/၁၁	၁၈	၂၀၀၇
	စုစုပေါင်း		**၉၂၂.၆**	

** ယင်းမာပင်နှင့် မန္တလေး (စက်မှုဇုန်) ထရန်စဖော်မာများမှာ ယခင်တပ်ဆင်ပြီး ထရန်စဖော်မာများကို နေရာရွှေ့ပြောင်းတပ်ဆင်ခဲ့ခြင်း ဖြစ်ပါသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ▼

▼ စာမျက်နှာ (၆) သတင်းဆောင်းပါးမှအဆက်

(စ) ၁၉၈၈ခုနှစ်နောက်ပိုင်းမှ ၂၀၀၈ခုနှစ်မတ်လအထိ တည်ဆောက်ပြီးစီးခဲ့သော (၆၆)ကေဗွီ ဓာတ်အားခွဲရုံ(၆၅)ရုံ

စဉ်	ခွဲရုံအမည်	ဗို့အား (ကီလိုဗို့)	အမ်ဗွီအေ	ပြီးစီးသည့်နှစ်
၁	ဒုရင်ဗိုလ်	၆၆/၁၁	၄. ၅	၁၉၈၉
၂	ရွှေတောင် ချည်စက်	၆၆/၁၁	၁၀	၁၉၈၉
၃	သာကေတ(တိုးချဲ့)	၆၆/၁၁	၁၃၇	၁၉၉၀
၄	သီတာ	၆၆/၃၃	၆၀	၁၉၈၁
		၆၆-၃၃/၆. ၆	၅	၂၀၀၅
၅	စိန်ပန်းမြိုင်	၆၆/၃၃	၆၀	၁၉၉၁
၆	ရေကြည်	၆၆/၃၃	၁၀	၁၉၉၁
		၆၆/၁၁	၅	၂၀၀၀
၇	အလုံ	၆၆/၃၃/၁၁	၆၀	၁၉၉၁
		၆၆/၁၁	၇၀	၁၉၉၅
၈	ဖော်ဂျီ(၁)	၆၆/၁၁	၂၅	၁၉၉၅
၉	ပခုက္ကူ(၂)	၆၆/၃၃	၅	၁၉၉၅
၁၀	ပုဂံ	၆၆/၁၁	၅	၁၉၉၆
၁၁	ကျောက်ပန်းတောင်း	၆၆-၃၃/၁၁	၅၁	၉၉၇
၁၂	ရွှေကူ	၆၆/၁၁	၁	၁၉၉၇
၁၃	ပခန်းကြီး	၆၆/၁၁	၅	၁၉၉၇
၁၄	မော်လမြိုင်	၆၆/၁၁	၂၄	၁၉၉၇
၁၅	ဒဂုံ(အရှေ့)	၆၆/၃၃	၃၀	၁၉၉၇
၁၆	ပြည်(တိုးချဲ့)	၆၆/၃၃	၁၀	၁၉၉၈
၁၇	ဖော်ဂျီ(၂)	၆၆/၁၁	၂၅	၁၉၉၈
၁၈	ဇန်းမော်	၆၆/၁၁	၅	၁၉၉၈
၁၉	အောင်လံ	၆၆/၁၁	၅	၁၉၉၈
၂၀	ဘုရားကုန်း(သန်လျင်)	၆၆/၁၁	၃၀	၁၉၉၈
၂၁	ညောင်ခြေထောက်(၂)	၆၆/၆.၆	၂၅	၁၉၉၉
၂၂	ကမြိုင်(ကပစ ၅)	၆၆/၁၁	၇.၅	၁၉၉၉
၂၃	ဆင်မလိုက်	၆၆/၃၃	၃၀	၁၉၉၉
		၆၆/၃၃	၃၀	၂၀၀၂
၂၄	သရက်(ကပစ ၁၂)	၆၆/၁၁	၁၅	၁၉၉၉
၂၅	ဒဂုံမြောက်(ဘေလီ)	၆၆/၁၁	၁၀	၁၉၉၉
၂၆	ဇောင်းတူ	၆၆/၁၁	၂၅	၂၀၀၀
၂၇	မြင်းခြံ	၆၆/၃၃/၁၁	၂၀	၂၀၀၀
၂၈	ကျောက်စွယ်ကျိုး	၆၆/၁၁	၃၀	၂၀၀၀
၂၉	ကမာနတ်(တိုးချဲ့)	၆၆/၃၃	၂၅	၂၀၀၀
၃၀	မြိုင်ကလေး	၆၆/၆.၆	၃၅	၂၀၀၀
၃၁	ဘားအံ	၆၆/၁၁	၅	၂၀၀၂
		၆၆/၁၁/၃.၃	၅	၂၀၀၇
၃၂	တညောင်	၆၆/၁၁	၇.၅	၂၀၀၂
၃၃	သထုံ တိုးချဲ့	၆၆/၆.၆	၁၀	၂၀၀၂
၃၄	ဆင်ပေါင်ဝဲ(ကပစ ၈)	၆၆/၁၁	၇.၅	၂၀၀၂
၃၅	ဆီမီးခုံ	၆၆/၁၁	၅	၂၀၀၂
၃၆	ဥမင်ကိုးပေါက်	၆၆/၁၁	၅	၂၀၀၂
၃၇	ပျဉ်းပင်လှ	၆၆/၁၁	၁	၂၀၀၃
၃၈	ကျိုက္ကဆံ	၆၆/၁၁	၃၀	၂၀၀၄
၃၉	ပုပ္ပား(ပိုဇိုလန်)	၆၆/၁၁	၁၀	၂၀၀၄
၄၀	ဟသ်ာတ(တိုးချဲ့)	၆၆/၁၁	၅	၂၀၀၄
၄၁	ရွာမ	၆၆/၃၃	၆၀	၂၀၀၅
၄၂	ပုသိမ်(၁)	၆၆/၁၁	၁၀	၂၀၀၅
၄၃	မလွန်(ကပစ ၁၀)	၆၆/၆.၆	၂၀	၂၀၀၅
၄၄	ငဖဲ(ကပစ ၁၄)	၆၆/၆.၆	၂၀	၂၀၀၅
၄၅	ရွှေပန်းတော(ကပစ ၁၅)	၆၆/၁၁	၇.၅	၂၀၀၅
၄၆	ကုလားမ(ကပစ ၁၈)	၆၆/၁၁	၇.၅	၂၀၀၅
၄၇	အောင်သပြေ(သံမဏိ)	၆၆/၁၁	၅	၂၀၀၅
၄၈	ဒဂုံ(တောင်)	၆၆/၁၁	၃၀	၂၀၀၅
၄၉	အင်တော	၆၆/၁၁	၆.၃	၂၀၀၅
၅၀	အင်ပူ	၆၆/၁၁	၃	၂၀၀၅
၅၁	ပုသိမ်(၂)	၆၆/၁၁	၁၀	၂၀၀၆
၅၂	မသုန်(ကပစ ၁၆)	၆၆/၁၁	၁၅	၂၀၀၆
၅၃	တောင်တွင်းကြီး(တိုးချဲ့)	၆၆-၃၃/၁၁	၅	၂၀၀၆
၅၄	ဒေါ်နန်းမြဟန်(ဒဂုံအရှေ့)	၆၆/၆.၆	၁၀	၂၀၀၆
၅၅	ပရိမ္မ	၆၆/၁၁	၅	၂၀၀၆
၅၆	ရေဘုတလင်(၁)	၆၆/၃.၃	၂၀	၂၀၀၆
၅၇	ရေဘုတလင်(၂)	၆၆/၃.၃	၂၀	၂၀၀၆
၅၈	ကျောက်ကူး	၆၆/၁၁	၇.၅	၂၀၀၇
၅၉	ကျောဇီ	၆၆/၁၁/၆.၃၅	၇.၅	၂၀၀၇
၆၀	လောကနန္ဒာ	၆၆/၁၁	၁၅	၂၀၀၇
၆၁	ငါ့သရောက်	၆၆/၁၁/၆.၆	၂၀	၂၀၀၇
၆၂	ပြည်(စက်မှုဇုန်)	၆၆/၁၁	၅	၂၀၀၇
၆၃	ဝါယာသာစည်	၆၆/၁၁	၇.၅	၂၀၀၇
၆၄	စွန်ဆည်(ကပစ ၁၇)	၆၆/၁၁	၁၅	၂၀၀၈
၆၅	ပေါက်ခေါင်း(ကပစ ၁၉)	၆၆/၁၁	၁၅	၂၀၀၈
		စုစုပေါင်း	၁၂၈၆.၈	
	စုစုပေါင်း (ဃ) + (င) + (စ)		၃၆၅၉.၄	

၂၀၀၈ခုနှစ် မတ်လအထိ တည်ဆောက်ပြီး မဟာဓာတ်အားလိုင်းများနှင့် ပင်မဓာတ်အားခွဲရုံများအားလုံး၏ အကျဉ်းချုပ်စာရင်း စုစုပေါင်းကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

၂၀၀၈ခုနှစ် မတ်လအထိ ဓာတ်အားလိုင်းများနှင့်ဓာတ်အားခွဲရုံများ၏ အကျဉ်းချုပ်စာရင်း

ဗို့အား	လိုင်းအရေအတွက် (လိုင်း)	လိုင်းအရှည် (မိုင်)	ပင်မဓာတ်အားခွဲရုံ (ရုံ)	စုစုပေါင်းတပ်ဆင်အင်အား (အမ်ဗွီအေ)
၂၃၀ ကေဗွီ	**၁၈**	**၉၁၆.၇၅**	**၁၇**	**၂၁၅၀.၀**
၁၃၂ ကေဗွီ	**၂၄**	**၁၁၇၀.၀၆**	**၂၃**	**၁၄၁၁.၆**
၆၆ ကေဗွီ	**၈၄**	**၁၄၂၆.၄၀**	**၇၃**	**၁၆၆၈.၈**
စုစုပေါင်း	**၁၂၆**	**၃၅၁၃.၂၁**	**၁၁၃**	**၅၂၃၀.၄**

ဓာတ်အားဖြန့်ဖြူးပေးထားနိုင်မှုအခြေအနေ

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ပြည်နယ်နှင့် တိုင်းများအတွင်းရှိ မြို့များ၊ ရွာများအနှံ့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံကြီးများမှတစ်ဆင့် သက်ဆိုင်ရာ မြို့/ရွာများအရောက် ၃၃ကေဗွီ၊ ၁၁ကေဗွီ၊ ၆ဒသမ ၆ကေဗွီ ဓာတ်အားလိုင်းများ တည်ဆောက်၍၊ ရပ်ကွက်များအတွင်း ၄၀၀ဗို့ ဓာတ်အားလိုင်းများ တည်ဆောက်ပြီး ဓာတ်အားဖြန့်ဖြူးပေးရပါသည်။

၂၀၀၆ ခုနှစ် ဒီဇင်ဘာလအထိ ပြည်နယ်နှင့် တိုင်းများတွင် ၃၃ ကေဗွီ ဓာတ်အားလိုင်း ၂၅၇၃ဒသမ၄မိုင်၊ ၁၁ကေဗွီဓာတ်အားလိုင်း ၅၆၃၂ဒသမ၇ မိုင်၊ ၆ဒသမ၆ကေဗွီ ဓာတ်အားလိုင်း ၈၀၄ဒသမ၈မိုင်နှင့် ၄၀၀ဗို့ ဓာတ်အားလိုင်း ၈၃၄၃ဒသမ၂ မိုင်တို့ဖြင့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါသည်။

ထို့အပြင် ပြည်နယ်နှင့် တိုင်းများတွင် မြို့/ရွာများအနှံ့ ဓာတ်အားဖြန့်ဖြူးရေး ထရန်စဖော်မာငယ်များ တပ်ဆင်တည်ဆောက်ထားရာ ၂၀၀၆ခုနှစ် ဒီဇင်ဘာလအထိ ၃၃ကေဗွီ ထရန်စဖော်မာ ၅၆၁လုံး၏ တပ်ဆင်အင်အား ၂၃၅၃ အမ်ဗွီအေ၊ ၁၁ကေဗွီ ထရန်စဖော်မာ ၉၇၈၉လုံး၏ တပ်ဆင်အင်အား ၂၅၄၁အမ်ဗွီအေနှင့် ၆ဒသမ၆ ကေဗွီ ထရန်စဖော်မာ ၃၇၀၄လုံး၏ တပ်ဆင်အင်အား ၁၄၃၄အမ်ဗွီအေတို့ဖြင့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါသည်။

ဓာတ်အားပေးစက်ရုံကြီးများ၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ခဲ့သည့်တိုင် သုံးစွဲမှုပမာဏ တိုးတက်လာခြင်းက ပို၍မြန်ဆန်များပြားခြင်းကြောင့် လတ်တလောကာလ၌ ဓာတ်အားမလုံလောက်မှုအခြေအနေကို မိုးရာသီ ကျော်လွန်ပြီးနောက် ရေအားလျှပ်စစ်စက်ရုံများ၏ ဓာတ်အားထုတ်လုပ်နိုင်မှု ကျဆင်းလာသည့်ကာလတွင် တွေ့ကြုံနေရပါသည်။

ပြည်သူလူထုနှင့် ပုဂ္ဂလိကစက်ရုံ အလုပ်ရုံများ၊ နိုင်ငံပိုင် ကုန်ထုတ်လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများမှ တိုးတက်လိုအပ်လာမည့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ပြည့်မီအောင် ထုတ်လုပ်ပေးနိုင်ရန်အတွက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့က ရေအားလျှပ်စစ်စီမံကိန်းများကို နေ့မအား ညမနား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသကဲ့သို့ ထိုစီမံကိန်းကြီးများ ပြီးစီးပါက ထွက်ရှိလာမည့်ဓာတ်အားကို ဓာတ်အားသုံးစွဲသူများထံအရောက် ဖြန့်ဖြူးနိုင်ရန်အတွက် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများကို ဆက်လက်ပြုစုတင်ပြသွားပါမည်။

ရွှေလီ - မန်စံ - ရွှေစာရံ ၂၃၀ ကေဗွီ ဓာတ်အားလိုင်းကြိုးဆွဲလုပ်ငန်း ဆောင်ရွက်နေစဉ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မဟာဗောဓိစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရွှေကြာသင်္ကန်းနှင့် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်း

နေပြည်တော် ဧပြီ ၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့သည် ဧပြီ ၆ရက်နံနက်ပိုင်းတွင် ဗုဒ္ဓမြတ်စွာပွင့်တော်မူရာ မဟာဗောဓိအောင်မြေဖြစ်သည့် မဟာဗောဓိစေတီတော်၌ ကိန်းဝပ်စံပယ်တော်မူသည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်အား ရွှေကြာသင်္ကန်းတော်နှင့် အရုဏ်ဆွမ်းများဆက်ကပ်လှူဒါန်းပြီး သတ္တသတ္တာဟ (၇) ဌာနတို့ကို လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် နံနက် ၅ နာရီတွင် ဗုဒ္ဓဂယာမဟာအောင်မြေရှိ မဟာဗောဓိစေတီတော်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ ဂန္ဓကုဋိတိုက်အတွင်း ကိန်းဝပ်စံပယ်တော်မူသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ အရုဏ်ဆွမ်း၊ သစ်သီး၊ ပန်း၊ ဆီမီး၊ ရေချမ်းနှင့် အမွှေးနံ့သာတို့ဖြင့် ဆက်ကပ်ပူဇော်လှူဒါန်း ကြသည်။

ငါးပါးသီလခံယူဆောက်တည်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးအမှူးပြုသည့် မြန်မာ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဘုရားဂုဏ်တော်များ နှလုံးသွင်းပွားများ၍ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ မဟာဗောဓိစေတီတော် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အလှူတော်ငွေများကို ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးက စေတီတော်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ သာသနာရေးဆိုင်ရာ တာဝန်ခံ ဆရာတော် ဘဒ္ဒန္တဆာရိန္ဒရထံ ပေးအပ်လှူဒါန်းရာ ဆရာတော်က မေ္ဂလက်ဆောင်အဖြစ် မဟာဗောဓိ စေတီတော် ပုံတူကို ပြန်လည်ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့က လှူဒါန်းပူဇော်ကောင်းမှုပြုထားသော မဟာဗောဓိပင်နှင့် ရွှေပလ္လင်ရှေ့ရှိ ဗုဒ္ဓရုပ်ပွား ကြေးဆင်းတုတော်မြတ်အား အရုဏ်ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာများဖြင့် ဆက်ကပ်လှူဒါန်း ရှိခိုးပူဇော်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော် ပရိဝုဏ်အတွင်းရှိ သတ္တသတ္တာဟ(၇)ဌာန အနက် ပလ္လင်္ကသတ္တာဟဖြစ်သည့် ဗောဓိပင်နှင့်ပလ္လင်တော်ကို ရှေးဦးစွာ ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စင်္ကမ သတ္တာဟဖြစ်သည့် ရတနာစင်္ကြံတော်ကို ကြည်ညိုကြပြီး မဟာဗောဓိစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ထပ်မံဖူးမြော် ကြည်ညိုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ရာဇာယတန သတ္တာဟ လင်းလွန်းပင်နေရာအား ကြည်ညို၍ မြန်မာနိုင်ငံမှ ကုသိုလ်ပြုစိုက်ပျိုးထားသည့် လင်းလွန်းပင်၏ ရှင်သန်ဖြစ်ထွန်းမှုနှင့် ထိန်းသိမ်းစောင့် ရှောက်ထားမှုတို့ကို ကြည့်ရှုသည်။

ယင်းနောက် အာသောကမင်း၏ ကျောက်စာတိုင်ကို လည်းကောင်း၊ မုစ္စလိန္ဒသတ္တာဟဖြစ်သည့် မုစ္စလိန္ဒာအိုင်ကိုလည်းကောင်း ကြည်ညို၍ အိုင်အတွင်းရှိငါးများအား အစာကျွေးမွေးဒါနပြုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓဂယာအတွင်း ဘုရားဖူးလာပြည်သူများ ချမ်းမြေ့စွာ တရားဘာဝနာပွားများအားထုတ်နိုင်ရန် ပန်းဥယျာဉ်တည်ဆောက်ထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အနိမိတ္တသတ္တာဟ၊ ပဋ္ဌာန်းဒေသနာတော်မြတ် သုံးသပ်တော်မူသည့် ရတနာဃရသတ္တာဟနှင့် ဆိတ်ကျောင်းညောင်ပင်နေရာတို့ကို လှည့်လည်ဖူးမြော်ကြည်ညိုကြရာ ဗုဒ္ဓဂယာ မဟာအောင်မြေကျောင်းမှ ဘဒ္ဒန္တနာဂဝံသက လိုက်လံရှင်းလင်း ပြသတော်မူသည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မဟာဗောဓိကျောင်းတော်ရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံများရိုက်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များ အိန္ဒိယသမ္မတနိုင်ငံ၌ ရောက်ရှိသီတင်းသုံးလျက်ရှိသော မြန်မာသံဃာတော် အရှင်သူမြတ်တို့အား ပရိက္ခရာ ရှစ်ပါးဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်း၊ ကွမ်း ဝေယျာဝစ္စကိစ္စများအတွက် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

(သတင်းစဉ်)

ဆက်လက်၍ အိန္ဒိယသမ္မတနိုင်ငံ၌ရောက်ရှိ သီတင်းသုံးလျက်ရှိသော မြန်မာသံဃာတော်အရှင်သူမြတ်တို့အား ပရိက္ခရာရှစ်ပါးဆက်ကပ် လှူဒါန်းခြင်းနှင့် ဆွမ်း၊ ကွမ်း ဝေယျာဝစ္စကိစ္စများအတွက် ငွေပဒေသာပင်စိုက်ထူ လှူဒါန်းပွဲ အခမ်းအနားကို နံနက် ၉ နာရီခွဲတွင် ဂယာမြို့ရှိ မြန်မာဗုဒ္ဓဘာသာကျောင်း၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညို၍ ဆရာတော်၊ သံဃာတော်များအား ပရိက္ခရာရှစ်ပါး အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါအခမ်းအနားသို့ မြန်မာကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိန္ဒ အမှူးပြုတော်မူသည့် ကုသိနာရုံ၊ ဗာရာဏသီ၊ နာလန္ဒာ၊ သာဝတ္ထိ၊ ပတ္တနား၊ မဟာဗောဓိ၊ ကမ္ဘောဇနှင့် မဟာအောင်မြေ ကျောင်းတိုက်တို့မှ ဆရာတော်၊ သံဃာတော် (၂၁)ပါး ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့်ဇနီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ဒုတိယ ဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ အဖွဲ့ဝင်များအဖြစ်လိုက်ပါလာသော အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

ထို့နောက် မြန်မာကျောင်းဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တဉာဏိန္ဒထံမှ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီးတို့ အမှူးပြုသည့် မြန်မာ ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်တို့ကို နာယူကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက ဗုဒ္ဓဂယာ အပါအဝင် အိန္ဒိယသမ္မတနိုင်ငံရှိ ဒေသအသီးသီး၌ သီတင်းသုံးလျက်ရှိတော်မူသော မြန်မာသံဃာတော်များ၊ သီလရှင်များ၊ ထေရဝါဒ ဗုဒ္ဓဘာသာ စာပေများကို လာရောက်ဆည်းပူး လေ့လာသင်တန်းတက်ရောက်နေကြသည့် သံဃာတော်များ၏ ဆွမ်း၊ ကွမ်းဝေယျာဝစ္စကိစ္စများအတွက် ငွေပဒေသာပင် စိုက်ထူလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသောပရိက္ခရာရှစ်ပါးကို ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က ဆရာတော်ဘဒ္ဒန္တ ဉာဏိန္ဒထံဆက်ကပ်လှူဒါန်း၍ ဆရာတော်အား ရင်းနှီးရိုသေစွာလိုအပ်သည်များကို မေးမြန်းလျှောက်ထားသည်။

ဆက်လက်၍အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များက ဆရာတော်သံဃာတော်များအား ပရိက္ခရာရှစ်ပါးတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အိန္ဒိယသမ္မတနိုင်ငံ၌ သီတင်းသုံးလျက်ရှိတော်မူသော မြန်မာဆရာတော်၊ သံဃာတော်များ၏ ဆွမ်း၊ ကွမ်း ဝေယျာဝစ္စကိစ္စများအတွက် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရက လှူဒါန်းသည့် အလှူတော်ငွေများကို အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးက ဗုဒ္ဓဂယာသာသနာ့နုဂ္ဂဟအသင်း စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့ (အိန္ဒိယနိုင်ငံ)ဥက္ကဋ္ဌ မြန်

ပေးအပ်သည်။

ဆက်လက်၍ မြန်မာချစ်ကြည်ရေးကို

လှူဒါန်းငွေများကို သိပ္ပံနှင့်နည်းပညာဝန်ကြီ

သံအမတ်ကြီးထံပေးအပ်လှူဒါန်းသည်။

ထို့နောက် မြန်မာစီးပွားရေးလုပ်ငန်းရှ

နိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်င

မြင့်က မြန်မာသံအမတ်ကြီးထံပေးအပ်လှ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီ

တော်များအားလိုအပ်သည်များကို ထပ်မံ

သည်။

ယင်းနောက် မြန်မာကျောင်းဆရာ

တရားဟောကြားချီးမြှင့်တော်မူရာ ဒုတ

ပရိသတ်တို့က နာယူကြပြီး လှူဒါန်းမှု

အမျှပေးဝေကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု

အနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနား အပြီးတွင် ဒုတိယဗိုလ်

မြစန်းနှင့် အဖွဲ့ဝင်များက ဆရာတော်၊ သံဃ

လှူဒါန်းကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇ

မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့

ဂယာမြို့မှ ပြည်ထောင်စု မြန်မာနိုင်ငံတော

၁ နာရီတွင် ဂယာလေဆိပ်သို့ ရောက်ရှိ

ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦ

ဝန်ထမ်းများ၊ ဒေသဆိုင်ရာ တာဝန်ခံမျ

ထို့နောက် မွန်းလွဲ ၁ နာရီခွဲတွင် ဂယာလေ

တွင်နေပြည်တော်သို့ ပြန်လည် ရောက်ရှိ



...းကြီးမောင်အေး ...က်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က လှူဒါန်းပူဇော်ကောင်းမှုပြုထားသော မဟာဗောဓိပင်နှင့် ရွှေပလ္လင်ရှေ့ရှိ ဗုဒ္ဓရုပ်ပွားကြေးဆင်းတုတော်မြတ်အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ အရုဏ်ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့်အမွှေးနံ့သာများဖြင့် ဆက်ကပ်လှူဒါန်း ရှိခိုးပူဇော်ကြစဉ်။

(သတင်းစဉ်)

ရတနာစင်္ကြံတော်ကို ကြည့်ရှု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များ ဗုဒ္ဓဂယာမဟာဗောဓိစေတီတော်ပရိဝုဏ်အတွင်းရှိ ရတနာစင်္ကြံတော်ကိုကြည့်ရှုကြစဉ်။

(သတင်းစဉ်)

အမှုဆောင်အဖွဲ့ (အိန္ဒိယနိုင်ငံ)ဥက္ကဋ္ဌ မြန်မာသံအမတ်ကြီး ဦးကြည်သိန်းထံ ပေးအပ်သည်။

ဆက်လက်၍ မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၏ စုပေါင်းလှူဒါန်းငွေများကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက မြန်မာသံအမတ်ကြီးထံပေးအပ်လှူဒါန်းသည်။

ထို့နောက် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ၏ လှူဒါန်းငွေများကို မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က မြန်မာသံအမတ်ကြီးထံပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဆရာတော်၊ သံဃာတော်များအားလိုအပ်သည်များကို ထပ်မံမေးမြန်း၍ ရင်းနှီးစွာလျှောက်ထားသည်။

ယင်းနောက် မြန်မာကျောင်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒက အနုမောဒနာတရားဟောကြားချီးမြှင့်တော်မူရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ပရိသတ်တို့က နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနား အပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အိန္ဒိယသမ္မတနိုင်ငံ ဂယာမြို့မှ ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ပြန်လည် ထွက်ခွာရန် မွန်းလွဲ ၁ နာရီတွင် ဂယာလေဆိပ်သို့ ရောက်ရှိကြရာ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်း ဦးဆောင်သော သံရုံးဝန်ထမ်းများ၊ ဒေသဆိုင်ရာ တာဝန်ခံများက ပို့ဆောင်နှုတ်ဆက်ကြသည်။ ထို့နောက် မွန်းလွဲ ၁ နာရီခွဲတွင် ဂယာလေဆိပ်မှ ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင်နေပြည်တော်သို့ ပြန်လည် ရောက်ရှိကြသည်။ (သတင်းစဉ်)

ကြည့်ရှု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များ ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော် ပရိဝုဏ်အတွင်းရှိ လင်းလွန်းပင်နေရာအားကြည့်ရှုကြစဉ်။

(သတင်းစဉ်)

ဒေါပုံမြို့နယ် ပြာသာဒ်ကျောင်းတရားစခန်းပွဲ

ရန်ကုန် ဧပြီ ၈

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် ပြာသာဒ်ကျောင်း ပရိယတ္တိစာသင်တိုက်အတွင်းရှိ မြတ်သီတာ ဥပရိပါသာဒသိမ်တော်ကြီးတွင် ၁၃၆၉-ခု တန်ခူးလဆန်း ၇ရက်မှ ၁၃ရက် (ဧပြီ ၁၂ရက်မှ ၁၈ရက်)အထိ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကျောင်းတိုက် စာချဆရာတော် ဦးသောပါက(ဓမ္မာစရိယ)နှင့် မန္တလေးမြို့ ချမ်းသာကြီးတောင်တိုက် ကျမ်းပြုစာချတရားဟော၊ တရားပြ နယ်လှည့် ဓမ္မကထိက ဦးတေဇနိယ (စာရေးဆရာ တက္ကသိုလ်တေဇာလင်း)တို့က ပဋိစ္စသမုပ္ပါဒ် တရားများကို ဟောကြားပြသမည်ဖြစ်ရာ တရားစခန်း ဝင်လိုသူ ယောဂီများသည် တန်ခူးလဆန်း ၇ရက် (ဧပြီ ၁၂ရက်) နံနက် ၇နာရီအရောက်ကြွရောက်ကြရန်နှင့် ကြိုတင်စာရင်းပေးသွင်း လိုပါက ဖုန်း-၀၁-၅၅၇၅၅၉ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(က-ပ)

မြို့ပြအင်ဂျင်နီယာ မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲ

ရန်ကုန် ဧပြီ ၈

ရန်ကုန် စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာ (၁၉၇၅-၈၁) ကျောင်းသားဟောင်းများ၏ ပဉ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို မေ၃ရက် (စနေနေ့) ညနေ ၅ နာရီတွင် Dolphin Restaurant (ကန်တော်ကြီး) ၌ ကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းသူ၊ ကျောင်းသားဟောင်းအားလုံး စုံညီစွာတက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အမှတ်တရစာအုပ် ပြုလုပ်ရန် နေရပ်လိပ်စာနှင့် လိုင်စင်ဓာတ်ပုံ တစ်ပုံတို့ကို ကိုရွှေသန်းစိုး ဖုန်း-၀၉-၅၁၁၂၈၁၇၊ ကိုဝင်းဆွေ ဖုန်း-၀၉-၅၀၁၆၀၉၅၊ ကိုကျော်ဆန်း ဖုန်း-၀၉-၅၀၀၃၈၁၆၊ ကိုအေးကို ဖုန်း-၀၉-၅၀၀၈၉၇၅၊ ကိုကျော်သန်း ဖုန်း-၀၉-၅၁၂၃၇၇၃၊ မဝင်းဝင်းမြင့် ဖုန်း-၀၉-၅၀၀၉၃၀၁၊ မစန်းစန်းအေး ဖုန်း-၀၉-၅၁၅၄၁၁၁၊ မမဥ္ဇူ ဖုန်း-၀၉-၅၀၂၄၁၄ တို့သို့ ဧပြီ၂၀ရက် နောက်ဆုံးထား၍ အရောက်ပေးပို့ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

အီဂျစ်နိုင်ငံ နိုင်းမြစ်ဝရှိ မာမာလာမြို့တွင် အီဂျစ်တပ်ဖွဲ့ဝင်များနှင့် ကန့်ကွက်ဆန္ဒပြသူများ အချင်းများနေသည်ကိုဧပြီ ၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဟီးသရိုးလေဆိပ်တွင် နှင်းများထူထပ်စွာ ကျဆင်း လေယာဉ်ခရီးစဉ် ၁၁၄ ခု ဖျက်သိမ်းခဲ့ရ

လန်ဒန် ဧပြီ ၈

ဗြိတိန်နိုင်ငံ ဟီးသရိုးလေဆိပ်တွင် မကြာသေးမီက ခရီးသည် ဝန်စည်စလယ်များနှင့် ပတ်သက်၍ အခက်အခဲဖြစ်ကာ လေယာဉ်ခရီးစဉ်အများအပြား ဖျက်သိမ်းရသည့် အကျပ်အတည်းများပေါ်ပေါက်ခဲ့သည်။ ယခုတစ်ဖန်ရာသီဥတုဆိုးရွားမှုကြောင့် လေယာဉ်ခရီးစဉ် ပေါင်း ၁၁၄ ခုကို ဧပြီ ၆ ရက်က ထပ်မံဖျက်သိမ်းခဲ့ရပြန်သည်။

ရှင်းလင်း

ဟီးသရိုးလေဆိပ် ပြေးလမ်းနှစ်ခုစလုံးတွင်နှင်းများကျပြီး ရေများခဲနေသဖြင့် ရှင်းလင်းမှုပြုလုပ်ရန် လေဆိပ်ကို အချိန်အတန်ကြာ ပိတ်ထားရသည့်အတွက် လေယာဉ်အဆင်းအတက်များ လျှော့ချရခြင်းဖြစ်သည်။

အဆိုပါ လေဆိပ်တွင် ခရီးသည်ဝန်စည်စလယ်အိတ်များ ရွေးချယ်သည့် ကွန်ပျူတာဆော့ဖ်ဝဲ ချွတ်ယွင်းသွားသဖြင့် ဧပြီ ၅ ရက်က ဗြိတိန်လေကြောင်းလိုင်းသည် ခရီးစဉ် ၁၂ခုကို ဖျက်သိမ်းခဲ့ရသည်။ တနင်္ဂနွေနေ့ကျမှ အဆိုပါပြဿနာကို ဖြေရှင်းနိုင်ခဲ့သည်။

သို့သော် ယခုအခါ ဟီးသရိုးလေဆိပ်၌ နှင်းနှင့် ရေခဲထုများ အလွန်အမင်း ကျဆင်းလာခြင်းကြောင့် လေယာဉ်ခရီးစဉ် ၁၀၀ ကျော် ဖျက်သိမ်းခဲ့ရပြန်သည်။

အမ်အင်အေ၊ရိုက်တာ။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ရာသီဥတုပူပြင်းမှုကြောင့် အပူဒဏ်သက်သာရန်ချောင်းအတွင်း ခုန်ချနေသူတစ်ဦးကို ဧပြီ ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပြင်သစ် လာမွန်ဒေးသတင်းစာအရှုံးပေါ် ဝန်ထမ်း ၁၃၀ လျှော့ချမည်

ပါရီ ဧပြီ ၇

ပြင်သစ်လာမွန်ဒေးသတင်းစာတိုက်မှ စီမံခန့်ခွဲရေးအဖွဲ့သစ်က အရှုံးသက်သာစေရန်အတွက် သတင်းစာဆရာ လေးပုံတစ်ပုံအပါအဝင်ဝန်ထမ်း ၁၃၀ ကို လျှော့ချရန် အဆိုပြုထားကြောင်း ရိုက်တာသတင်းအရ သိရှိရသည်။

တင်းကျပ်ထားသည့် အစီအစဉ်ဖြင့် သတင်းစာလုပ်ငန်း ပြန်လည်စတင် လုပ်ကိုင်မည်ဟု လာမွန်ဒေးအုပ်စု၏ အမှုဆောင်ချုပ်သစ်အဖြစ် ခန့်ထားခံရသူ အီရစ်ဖော့တိုရင်နိုက ဝန်ထမ်းများသို့ သောကြာနေ့တွင် ပြောကြားသည်။

အလုပ်သမားသမဂ္ဂက အဆိုပြုထားသည့် အလုပ်သမားလျှော့ချရေးအစီအစဉ်သည် လက်ခံနိုင်စရာမရှိဟု ပြောကြားသည်။

ဝန်ထမ်းများ လျှော့ချခဲ့ပါက အောင်မြင်မှုမရဘဲ လာမွန်ဒေးအုပ်စု၏ အနာဂတ် အလားအလာသည် အန္တရာယ်ရှိသည်ဟူသော သဘောထားကို အီရစ်ဖော့တိုရင်နိုက ပယ်ချလိုက်သည်။

အဆိုပါ သတင်းစာသည် ၂၀၀၆ ခုနှစ်တွင် ယူရိုငွေ ၁၄ဒသမ ၃သန်း အရှုံးပြခဲ့ပြီးနောက် ယူရိုသန်း ၂၀ ဆုံးရှုံးခဲ့သည်ဟု လာမွန်ဒေးအုပ်စုက ကြေညာခဲ့သည်။ ယင်းအုပ်စုအနေဖြင့် ယူရိုသန်း ၁၅၀ ကြွေးတင်နေပြီဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

သီရိလင်္ကာလေတပ်က သူပုန်စခန်းများအား ပုံးကြဲ၊ ၄၉ဦး သေဆုံး

ကိုလံဘို ဧပြီ ၈

သီရိလင်္ကာနိုင်ငံ မြောက်ပိုင်းစွန်းရှိ သူပုန်စခန်းကို အစိုးရလေတပ်ဂျက်လေယာဉ်များက ဧပြီ ၇ရက်တွင် ဗုံးကြဲတိုက်ခိုက်ရာ ကျားသူပုန် ၄၉ဦး သေဆုံးကြောင်း စစ်ဘက်သတင်းများက ဖော်ပြသည်။

တနင်္ဂနွေနေ့တွင် ကိုလံဘိုမြို့အနီး၌ သူပုန်များ လက်ချက်ကြောင့် ဗုံးပေါက်ကွဲခဲ့ရာ လူအများအပြား သေဆုံးခဲ့ရသည်။ ထိုအဖြစ်အပျက်ဖြစ်ပွားပြီး နောက်တစ်ရက်တွင် သီရိလင်္ကာလေတပ်က ကီလီနော်ချီအရပ်ကို ဗုံးကြဲတိုက်ခိုက်ခြင်းဖြစ်သည်။ ထိုအရပ်တွင် အသေခံ ကျားသူပုန် တိုက်ခိုက်ရေးသမားများကို လေ့ကျင့်ပေးရာစခန်းရှိသည်။

မြောက်ပိုင်းဂျက်ဖနာရှိ သူပုန်ဘန်ကာ ကတုတ်များကိုလည်း ဝေဟင်မှ တိုက်ခိုက်ခဲ့ကြောင်းလေတပ်ဖွဲ့သတင်းရပ်ကွက်ကပြောကြားသည်။

သူပုန်များအနေဖြင့် မြောက်ပိုင်းအရပ်တွင်ရှုံးနိမ့်နေသည်ကိုတုံ့ပြန်သောအားဖြင့် ဖောက်ခွဲ တိုက်ခိုက်မှုများပိုမိုပြုလုပ်လာနိုင်ကြောင်းအာဏာပိုင်များက သတိပေးထားသည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံ တကာ သတင်းများ

အာဖဂန်နစ္စတန်အရှေ့ပိုင်း၌ ကျောင်းတစ်ကျောင်းဖျက်ဆီးခံရ အကြမ်းဖက်မှုများကြောင့် ဆရာနှင့်ကျောင်းသား ၂၂၀သေဆုံးခဲ့ရ

ကဘူးလ် ဧပြီ ၇

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ပတ်တီကာပြည်နယ်ရှိ ကျောင်းတစ်ကျောင်းကို သောင်းကျန်းသူများက ဖောက်ခွဲ ဖျက်ဆီးလိုက်ကြောင်း စစ်ဘက်သတင်းရပ်ကွက်များက ဧပြီ ၆ ရက်တွင် ပြောကြားသည်။

ဖောက်ခွဲဖျက်ဆီး ခံရသော်လည်း ကံကောင်းထောက်မသဖြင့် တစ်စုံတစ်ယောက်မျှ ဒဏ်ရာရရှိခြင်းမရှိကြောင်း သိရသည်။ မျက်နှာကိုဖုံးအုပ်ထားသော လူတစ်ဦးသည် အဆိုပါကျောင်းသို့ အငှားယာဉ်ဖြင့် ရောက်ရှိလာပြီးနောက် ဖောက်ခွဲဖျက်ဆီးလိုက်ခြင်းဖြစ်ကြောင်း ဒေသခံရွာသားများက ပြောကြားသည်။

အာဖဂန်အစိုးရသည် လူငယ်များကို ကောင်းမွန်စွာ ပညာသင်ကြားနိုင်စေရန် ကြိုးပမ်းလျက်ရှိသည်။ သူပုန်များက ကျောင်းများကို ဖျက်ဆီးခြင်း၊ ကျောင်းဆရာ၊ ဆရာမ များကို သတ်ဖြတ်မည်ဟု ခြိမ်းခြောက်ခြင်းဖြင့် အာဖဂန်အစိုးရ၏ ရည်ရွယ်ချက်ကို ပျက်ပြားစေရန် အားထုတ်လျက်ရှိသည်။

သူပုန်များ၏ လက်ချက်ကြောင့် ယခုအချိန်အထိ အာဖဂန်ကျောင်းဆရာနှင့် ကျောင်းသား စုစုပေါင်း ၂၂၀ အသက်ဆုံးရှုံးရပြီဖြစ် ကြောင်း ပညာရေးဝန်ကြီးဌာနက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မျိုးတုံးမည့် ဖွတ် ၂၂၂ ကောင် မလေးရှားတွင် ကယ်တင်နိုင်

ကွာလာလမ်ပူ ဧပြီ ၈

စားသောက်ဆိုင်များတွင် ဈေးကြီးသည့် ဟင်းလျာအဖြစ် ရောင်းချမည့် ရှားပါးကာ မျိုးတုံးမည့် အန္တရာယ်ရှိနေသော ဖွတ် ၂၂၂ ကောင်ကို မလေးရှားနိုင်ငံ အလယ်ပိုင်း ပါဟန်းပြည်နယ် မာရန်ဒေသတွင် စနေနေ့က ကယ်တင်ခဲ့ကြောင်း မလေးရှားသတင်းဌာနက ဖော်ပြသည်။

ပါဟီလီတန်ခရိုင် အကြီးအကဲ ရှာရီအပင်ဒီအာမက် ဦးဆောင်သည့် တောရိုင်းတိရစ္ဆာန်နှင့် အမျိုးသားဥယျာဉ်ဌာနမှ စည်းကမ်းထိန်းသိမ်းရေး အရာရှိများက ဆီအုန်းစိုက်ခင်းများတွင် အဆိုပါ ဖွတ်များကို သွားရောက်ဖမ်းဆီးခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ ရှားပါးပြီး မျိုးတုန်းတော့မည့် ဖွတ်များကို စားသောက်ဆိုင်သို့ ရောင်းချရန် အလုပ်သမားတစ်ဦးက စုဆောင်းထားခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယမှ ဆန်တန် ၄၀၀၀၀၀ ဘင်္ဂလားဒေ့ရှ် ဝယ်ယူတင်သွင်းမည်

ဒါကာ ဧပြီ ၇

အိန္ဒိယမှ ဆန်တန်ချိန် ၄၀၀၀၀၀ ကို တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၉၃၀ နှုန်းဖြင့် ဝယ်ယူရန် စီစဉ်ထားပြီး ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ အိမ်စောင့်အစိုးရ အထက်တန်းအရာရှိ တစ်ဦးက ဧပြီ ၆ ရက်တွင် ပြောကြားသည်။

ဆန်တန်ချိန် ၁၀၀၀၀၀ ကို အိန္ဒိယနိုင်ငံက တစ်လအတွင်း ပေးပို့မည်ဖြစ်ကြောင်း ရိက္ခာလုပ်ငန်းအတွင်းဝန် မူလာဝါဟီဒူဇမန်က ပြောကြားသည်။ ထိုဆန်အရောင်းအဝယ်ကို မတ်လအတွင်းက လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်တွင် ဆန်အလုံအလောက်ရရှိထားကြောင်း၊ တင်သွင်းသောဆန်များမှာ လျော့ပါးသွားသော အရန်သိုလှောင် ဆန်ပမာဏကို ပြန်လည်ဖြည့်ဆည်းရန်အပြင် ဈေးကွက်တွင် တက်နေသော ဆန်ဈေးကို ထိန်းချုပ်ရန် ရည်ရွယ်၍ တင်သွင်းခြင်းဖြစ်ကြောင်း ရိက္ခာလုပ်ငန်းအတွင်းဝန်က ပြောကြားသည်။

ရပ်ဆိုင်း

ကမ္ဘာ့ဆန်ဈေးကွက်တွင် ဆန်ဈေးသည် ပြီးခဲ့သောလအတွင်းက နှစ်ဆအထိ တက်လာချိန်တွင် သမားရိုးကျ ဆန်ရောင်းချနေသော နိုင်ငံများသည်လည်း ဆန်တင်ပို့မှုကို ရပ်ဆိုင်းခဲ့ကြသည်။ ထိုအခြေအနေကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိန္ဒိယနိုင်ငံမှဆန်ကို ဝယ်ယူရန်စီစဉ်ဆောင်ရွက်ခြင်း ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဗြိတိန်နိုင်ငံ ကုန်းမြင့်ပိုင်းဒေသတွင် နှင်းများ ထူထပ်စွာကျသဖြင့် အအေးဒဏ်ကို ခံနေရသော မွေးမြူရေးတိရစ္ဆာန်နှစ်ကောင်ကို ဧပြီ ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယအာကာသသုတေသနဌာန၏ ဂြိုဟ်တုဆက်သွယ်ရေးလုပ်ငန်းများသို့ သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဧပြီ ၈

အိန္ဒိယသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဧပြီ ၅ရက် နံနက် ၉ နာရီတွင် ဘန်ဂလောမြို့ရှိ အိန္ဒိယအာကာသ သုတေသနဌာန (Indian Space Research Organisation - ISRO) အောက်ရှိ လုပ်ငန်းဌာနတစ်ခုဖြစ်သော အိန္ဒိယဂြိုဟ်တုများ ထိန်းချုပ်ရေးဌာန (ISTRAC) သို့ ရောက်ရှိကြရာ ဒါရိုက်တာ Shiva Kumar နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

နှုတ်ခွန်းဆက်စကားပြောကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ဒါရိုက်တာ ရုံးခန်းမ၌ ဒါရိုက်တာ Shiva Kumar က ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားပြီး အာကာသအတွင်းသို့ ဒုံးပျံများဖြင့် လွှတ်တင်ထားသော အိန္ဒိယဂြိုဟ်တုများကို လမ်းကြောင်းထိန်းသိမ်းခြင်းနှင့် သုတေသနပြုခြင်းများ၊ အခြားမိတ်ဖက်နိုင်ငံများနှင့် အဖွဲ့အစည်းများက ငှားရမ်းအသုံးပြုလိုသော ဂြိုဟ်တုအမျိုးအစားအလိုက် လွှင့်တင်ထားမှုစသည့် လုပ်ငန်းဆိုင်ရာများကို ရုပ်ပုံများဖြင့် ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကြရာ ဒါရိုက်တာ Shiva Kumar က ပြန်လည်ပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ယင်းနောက်ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် Space Control Center အတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုလေ့လာကြပြီးနည်းပညာရပ်ဆိုင်ရာများနှင့်စပ်လျဉ်း၍ သိရှိ လိုသည်တို့ကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ ဘန်ဂလောမြို့ရှိ အိန္ဒိယ အာကာသသုတေသနဌာန၏ ဂြိုဟ်တုဆက်သွယ်ရေးလုပ်ငန်းများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ကြိုဆိုနှုတ်ဆက်

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် အိန္ဒိယအာကာသသုတေသနဌာန(ISRO)အောက်ရှိ အိန္ဒိယအာကာသ ဂြိုဟ်တုဌာနချုပ် (Indian Space Satellite Centre) သို့ ရောက်ရှိကြရာ အာကာသလေ့လာရေးဌာန တွဲဖက်အတွင်းဝန် Shri Ranganath နှင့် တာဝန်ရှိသူတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာ ဂြိုဟ်တုအမျိုးမျိုး တပ်ဆင်မှု၊ လွှင့်တင်ထားမှု၊ ဂြိုဟ်တုဆက်သွယ်ရေးနှင့် တိုင်းတာရေးစနစ်၊ ဂြိုဟ်တုဖြင့် ဆောင်ရွက်ပေးလျက်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများကို ရှင်းလင်း ပြသကြသည်။

ပြန်လည်ထွက်ခွာ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အိန္ဒိယအာကာသလေ့လာရေးဌာန တွဲဖက်အတွင်းဝန်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများကိုအပြန်အလှန်ပေးအပ်ကြပြီး အာကာသပြခန်းသို့ ဝင်ရောက် ကြည့်ရှုလေ့လာကြကာ ပြန်လည်ထွက်ခွာသွားကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဘန်ဂလောမြို့မှ ဗာရာဏသီမြို့သို့ သွားရောက်ရန် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ဘန်ဂလော လေဆိပ်သို့ ရောက်ရှိကြရာ သံတမန်ရေးရာအတွင်းဝန် Syad Zamir နှင့် ဒေသဆိုင်ရာတာဝန်ရှိ သူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း သတင်းစာများ အလှည့်ကျထုတ်ဝေမည်

ရန်ကုန် ဧပြီ ၈

မြန်မာ့နှစ်သစ်ကူး ရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို အလှည့်ကျ ထုတ်ဝေသွားမည်ဖြစ်သည်။

ဧပြီ ၁၁၊၁၂၊ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် ကြေးမုံသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ နားမည်ဖြစ်သည်။

ဧပြီ ၁၆၊၁၇၊၁၈၊ ၁၉၊ ၂၀ရက်တို့တွင် ကြေးမုံသတင်းစာနှင့်နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင်မြန်မာ့အလင်းသတင်းစာနားမည် ဖြစ်သည်။

ဧပြီ ၂၁ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ကြေးမုံ The Mirror ဆောင်းပါးအညွှန်း

ခရမ်းစိုးမြင့်၏ "ရည်မှန်းချက်တာဝန် (၉)ရပ်ဖြင့် ရှေ့သို့ ချီတက်နေသော အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၏ နိုင်ငံတော် ဓာတ်အားပေးစနစ် (၄)"

(သတင်းဆောင်းပါး) စာမျက်နှာ - ၆၇